# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၄) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၂ ရက်၊

(၅) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

**မှူကြမ်း**

(၆) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၂ ရက်၊

(၇) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၈) မိုးညှင်းမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

(၁၀) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၂ ရက်၊

(၁၁) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၁၂) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့် ခွင့် ၂ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၂ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၁ ရက်၊

(၁၆) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၁၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊

(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၉) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်နှင့်

(၂၀) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တရားသူကြီး၏ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိပါက မည်သို့အရေးယူဆောင်ရွက်သည်နှင့် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးမည်မျှရှိကြောင်းနှင့် မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်းသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ပြည်သူ့လွှတ်တော်မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့မှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ၏အစီရင်ခံစာများမှာဆိုရင် တရားရုံးများစောင့်ကြည့်လေ့လာရေးကိစ္စကို ကျွန်မအနေ နဲ့ထောက်ခံဆွေးနွေး၍ ဒီကျွန်မရဲ့မေးခွန်းဖြစ်ပေါ်တဲ့အကြောင်းအရင်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ရှေးယခင်က တရားသူကြီးများရဲ့ဆုံးဖြတ်ချက်များမှာ ပြစ်မှုကျူးလွန်သူ ပြစ်ဒဏ်မှ ကင်းလွတ်သွားခြင်းအပေါ် မည်သို့မျှခံစားချက်မရှိသော်လည်း အပြစ်မရှိသူတစ်ဦးအား မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်မိပါက အလွန်ပင်ခံစားရကြောင်း သိရှိရပါတယ်။ ရှေးယခင်က အပြစ်ရှိသူအား သေဒဏ်အထိအပြစ်ပေးရန် ကြုံဆုံလာတဲ့အခါ မှားယွင်းမှုမရှိစေရန်အတွက် သက်ဆိုင်ရာက ဥပုသ် သီလစောင့်တည်၍ စိတ်ငြိမ်းချမ်းမှုရရှိမှသာလျှင် ပြစ်ဒဏ်ချမှတ်ကြောင်းကိုလည်း လေ့လာသိရှိခဲ့ရပါ

တယ်။ ယခုခေတ်တရားစီရင်ရေးအခန်းကဏ္ဍများတွင် အမှားကိုအမှန်၊ အမှန်ကိုအမှား ဥပဒေကို လက်တစ်လုံးခြားပြုလုပ်၍ အဂတိတရားလိုက်စားဆောင်ရွက်မှုများ ရှိနေတာကိုလည်း ကြားသိခဲ့ရပါ တယ်ရှင်။

သို့ဖြစ်ပါသောကြောင့် ထိုသို့ဆောင်ရွက်မှုများပေါ်တွင် တွေ့ရှိပါက ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့မေးခွန်းက (၁) တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် တရားသူကြီးများ၏ ဆုံးဖြတ်ချက်များသည် တရားဥပဒေနှင့်ညီညွတ်မှုမရှိပါက ၎င်းတို့အပေါ်တွင် မည်သို့အရေးယူဆောင် ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် မေးခွန်း(၂)ကတော့ မြန်မာနိုင်ငံတွင် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးဦးရေမည်မျှအရေးယူထားကြောင်းနှင့် မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်း ကို သိရှိလိုပါတယ်လို့ မေးချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် တရားသူကြီးများရဲ့ဆုံးဖြတ်ချက်များဟာ တရားဥပဒေနှင့် ညီညွတ်မှု မရှိပါက ၎င်းတို့အပေါ်တွင် မည်သို့အရေးယူဆောင်ရွက်သည်ကို သိရှိလိုပါကြောင်းမေးခွန်းနှင့် စပ်လျဉ်းပြီး တရားသူကြီးများဟာ မိမိတို့စစ်ဆေးစီရင်ရတဲ့အမှုများကို စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းပြုလုပ်ရာမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေများ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံး ဥပဒေတို့နဲ့အညီ ဆောင်ရွက်ကြရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ကောက်ယူရာမှာ မှားယွင်းခြင်း၊ ဥပဒေပြဋ္ဌာန်းချက်နဲ့ ညီညွတ်မှုမရှိခြင်းတို့ကြောင့် ၎င်းတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ ဥပဒေနဲ့ညီညွတ်မှုမရှိခြင်းမျိုး ဖြစ်ပေါ်တတ်ပါတယ်။ တရားသူကြီးတစ်ဦးရဲ့

ဆုံးဖြတ်ချက်ဟာ ဥပဒေနဲ့ညီညွတ်မှုမရှိတဲ့အတွက် ၎င်းတို့ကျူးလွန်ခဲ့တဲ့ကိစ္စရပ်ရဲ့ အတိမ်အနက်ပေါ် မှာမူတည်ပြီး ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ မှာ ပြဋ္ဌာန်းထားတဲ့ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကိုးမျိုးအနက် သင့်လျော်တဲ့ပြစ်ဒဏ်ချမှတ်ခြင်းတို့နှင့် ၎င်းတို့ အပေါ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးဦးရေ မည်မျှ အရေးယူထားကြောင်း၊ မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်းသိရှိလိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးဖြေကြားရရင် ဟုမ္မလင်းမြို့နယ်တရားသူကြီးဟာ လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း ပေါ်ပေါက်တဲ့အတွက် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေဖို့ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ ရန်ကင်းမြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ် တရားသူကြီးတစ်ဦးဟာလည်း လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၅၁၂ အရ တရားစွဲဆိုမှု ပြုခဲ့ပါတယ်။ တံတားဦးမြို့နယ်၊ ခရမ်းမြို့နယ်၊ အမရပူရမြို့နယ်၊ ကနီမြို့နယ်၊ မော်လမြိုင်မြို့နယ်နဲ့ မင်္ဂလာဒုံမြို့နယ်တရားရုံးတို့မှ တရားသူကြီးခုနစ်ဦးတို့ဟာ လာဘ်ပေးလာဘ်ယူ ပြုလုပ်မှုကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရတဲ့အတွက် ဝန်ထမ်းအဖြစ်မှထုတ်ပစ်တဲ့ ဝန်ထမ်း စည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့ပါတယ်။ တရားသူကြီးရဲ့ဆုံးဖြတ်ချက်ဟာ ပြဋ္ဌာန်းထား တဲ့ဥပဒေနဲ့ ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ပုသိမ်ခရိုင်တရားရုံးနဲ့ မြိတ်ခရိုင် တရားရုံးတို့မှ တရားသူကြီးနှစ်ဦးကို ရာထူးအဆင့် တစ်နှစ်လျှော့ချသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးကို သတိပေးသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းအားဖြင့်လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ထို့အပြင် တရားသူကြီးတို့၏ ဆောင်ရွက်ချက်များဟာ ပြဋ္ဌာန်းဥပဒေနဲ့ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် အားနည်းခြင်းတို့ စိစစ်တွေ့ရှိရတဲ့အတွက် ညောင်ဦးမြို့နယ်၊ နတ်တလင်းမြို့နယ်တရားရုံးတို့မှ တရားသူကြီးနှစ်ဦးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့်ပြစ်ဒဏ်ချမှတ်ခြင်း၊ အရာတော်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ညောင်ဦးမြို့နယ်နဲ့ ဖျာပုံမြို့နယ်တရားရုံးတို့မှ တရားသူကြီးလေးဦးကို ရာထူးအဆင့်လျှော့ချသည့်

ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊ ရန်ကင်းမြို့နယ်တရားရုံးမှ တရားသူကြီးတစ်ဦးကို နှစ်တိုးလစာရပ်ဆိုင်းသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊ ကသာခရိုင်၊ ကလေးခရိုင်၊ အမရပူရမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မယ်စဲ့မြို့နယ်၊ လယ်ဝေးမြို့နယ်၊ မင်းပြားမြို့နယ်၊ မံစီမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဂွမြို့နယ်၊ တာမွေမြို့နယ်၊ အမ်းမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဝေါမြို့နယ်၊ အလုံမြို့နယ်၊ သာစည်မြို့နယ်၊ လှိုင်မြို့နယ်၊ ပြည်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် တရားရုံးများမှ တရားသူကြီး ၁၉ ဦးကို သတိပေးသည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များကိုချမှတ်ခဲ့ခြင်းတို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်နှင့် ခန့်မှန်းကုန်ကျစရိတ် မည်မျှရှိမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများမှာ ပြည်သူများမှ မည်ကဲ့သို့ဆက်သွယ်ဆောင်ရွက်ရမည်၊ လျှပ်စစ်မီးတပ်ဆင်ပါက ခန့်မှန်းကုန်ကျစရိတ် မည်မျှကုန်ကျမည်ကို သိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူများ ဖြစ်ကြပါတယ်။ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာမှ နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးများနှင့် ကျေးလက်စီးပွားရေးများမြှင့်တင်ရေးလုပ်ငန်းများအပြင် လျှပ်စစ်မီးရရှိရေးဟာ မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ မြို့ပြနေလူများအတွက် လျှပ်စစ်မီးကို နိုင်ငံတော်မှအကုန်အကျခံသော်လည်း ကျေးလက်နေပြည်သူများဟာ ပြည်သူထည့်ဝင်ငွေဖြင့်သာ လျှပ်စစ်မီးတပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရပါတယ်။ ယခုအခါမှာတော့

နိုင်ငံတော်၏ထောက်ပံ့မှုဖြင့်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်စပ်ပြီးတော့ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရှိနေရပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသလျှပ်စစ်မီးတပ်ဆင်လိုပါက မည်ကဲ့သို့ဆက်သွယ်ဆောင်ရွက်ရမည်။ အကွာအဝေးပေါ်မူတည်၍ တိုင်၊ ကြိုးနှင့်ဆက်စပ်ပစ္စည်းများ၊ လုပ်အားခများ၊ ထရန်စဖော်မာအားအလိုက် ကုန်ကျမည့်အသေးစိတ်တွက်ချက်မှုများနှင့် နိုင်ငံတော်မှထည့်ဝင်တဲ့ငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ချေးငွေစတဲ့အတိုးတို့ကိုလည်း သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာရှိတဲ့ လျှပ်စစ်ဓာတ်အားမရရှိကြသေးတဲ့ကျေးရွာတွေကို ဓာတ်အားဖြန့်ဖြူးပေးဖို့အတွက် အောက်ပါနည်းလမ်းတွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

(က) နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားရယူသောကျေးရွာများအတွက် နှစ်စဉ် ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာများ ရွေးချယ်သတ်မှတ်ဆောင်ရွက်ပေးပါတယ်။ (ခ) နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ကျေးရွာများအတွက် ဒီဇယ်ဓာတ်အားပေးစက်၊ ဆိုလာစသည့် အငယ်စားများဓာတ်အားရရှိရေးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားစနစ်မှ ဆက်သွယ်ဓာတ်အားပေးနိုင်မည့်ကျေးရွာများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်မည့်ကျေးရွာများအား ရွေးချယ်ပြီးတော့ ၁၁ ကေဗွီလိုင်း၊ နောက် ထရန်စဖော်မာ တပ်ဆင်ခြင်းအထိအောင် နှစ်အလိုက်လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၄၀၀ ဗို့ ဓာတ်အား

လိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကိုတော့ သက်ဆိုင်ရာကျေးရွာများအစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာအတွင်းရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေရဲ့ ၅၀ ရာခိုင်နှုန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြလာပါက ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်မှ သက်သာသောအတိုးနှုန်းနဲ့ ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်မှုကုန်ကျစရိတ်အနေနဲ့ကတော့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင်အတွက် ကျပ်သိန်း ၁၈၀ ခန့်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ မိုင်အတွက် ကျပ်သိန်း ၂၅၀ ခန့်နှင့် ၁၁ ကေဗွီ ထရန်စဖော်မာ ၂၀၀ ကေဗွီအေ တစ်လုံးအတွက်ကတော့ နေရာပေါ်မူတည်ပြီးတော့ သယ်ယူပို့ဆောင်ခနှင့်ကြည့်လိုက်ရင် ကျပ်သိန်း ၁၂၀ ပတ်ဝန်းကျင်ခန့် ကျမှာဖြစ်ပါတယ်။ တပ်ဆင်လိုတဲ့ ထရန်စဖော်မာအင်အားအလိုက် အနီးစပ်ဆုံးကုန်ကျမယ့်စရိတ်ကို ခန့်မှန်းတွက်ချက်မှုကိုတော့၊ အသေးစိတ်ကိုတော့ မြို့နယ်/ခရိုင်/တိုင်းဒေသကြီးမှာရှိတဲ့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှာရှိတဲ့ သက်ဆိုင်ရာတာဝန်ခံများနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်အဖွဲ့နှင့်ပူးပေါင်းပြီးတော့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(National Electrification Plan)ရေးဆွဲပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေစတင်ပြီးတော့ ချေးငွေနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် ညှိနှိုင်းလျက်ရှိပါတယ်။ ၎င်းချေးငွေနဲ့ ဆောင်ရွက်မယ့်အစီအစဉ်တွေကတော့ ၁၁ ကေဗွီလိုင်းနဲ့ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ အားလုံးပါဝင်တည်ဆောက်ဖို့ ညှိနှိုင်းနေခြင်းပဲ ဖြစ်ပါတယ်။

နှစ်စဉ် နိုင်ငံတော်ရဲ့ရန်ပုံငွေ ခွဲဝေပေးနိုင်မှုမှာ ပမာဏ ကန့်သတ်ချက်ရှိတဲ့အတွက်ကြောင့်မို့လို့ ချေးငွေရယူရန်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါတယ်။ နိုင်ငံတော်မှ ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို အပြည့်အဝဆောင်ရွက်ပေးနိုင်မှု မရှိမီကာလအတွင်းမှာ ကျေးရွာများအနေနဲ့ မိမိအစီအစဉ်ဖြင့် ဓာတ်အားစနစ်မှ မီးလင်းရေးအမြန်ဆောင်ရွက်လိုပါကလည်း သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့်ဆက်သွယ်ပြီးတော့ တည်ဆောက်ရမယ့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၏အခြေအနေကို ရှင်းလင်းပြောကြားပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် အချိန်မီ ကျွန်တော်တို့ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်။ လိုအပ်တဲ့နည်းပညာများကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမယ်လို့တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်စပ်မေးခွန်းလေးမေးချင်ပါတယ်။ ကျွန်တော်တို့ ပထမပိုင်းသိထားတာကတော့ ဟိုးယခင်တုန်းကတော့ ကျွန်တော်တို့ ဝန်ခံချက် လျှပ်စစ်မှာ ၂၄ ချက် ဝန်ခံကတိပြုပြီးတော့မှ ဒါမီးဆွဲခွင့်ကို အသုံးပြု လို့ရပါတယ်။ အဲဒီအချိန်တုန်းကလည်း ကျွန်တော်တို့ ထောက်ပံ့တဲ့ပစ္စည်းမရတဲ့အပြင် ကွန်ကရစ်တိုင်လိုဟာမျိုးကလည်း ကိုယ့်ဘာသာကိုယ်လုပ်လို့မရဘူး။ ကျွန်တော်တို့ သက်ဆိုင်ရာမှ ဆက်စပ်ပြီးတော့ဝယ်ရတဲ့အနေအထားရှိတယ်။ ကျန်တဲ့ကြိုးတွေကိုလည်း ဒီလိုပဲ ဆက်စပ်ပြီးဝယ်ရတာလည်းရှိတယ်။ အဲဒီ ၂၄ ချက်ထဲမှာတောင်မှ အလှူမခံရဆိုတဲ့အချက်တွေပါ ပါနေပါတယ်။ အခုနောက်ပိုင်းကျတော့ အဲဒီမူဝါဒ ၂၄ ချက်ကို မရှိတော့ဘဲနဲ့ ကျွန်တော်တို့သိထားတာကတော့ တကယ်လို့များ နှစ်မိုင်အတွင်းမှာ ကျေးလက်ဒေသတွေက ၃၃ ကေဗွီကနေပြီးတော့ဆွဲလို့ရှိရင် နှစ်မိုင်အတွင်းမှာရနိုင်တယ်။ ဒါကိုလည်း နိုင်ငံတော်ကနေပြီးတော့မှ ထောက်ပံ့ငွေနဲ့ တစ်ဝက်အကုန်အကျခံမယ်။ ပြည်သူတွေကတော့ တစ်ဝက်အကုန်အကျခံပါ။ အဲဒီတစ်ဝက်ကိုလည်း တကယ်လို့ ငွေရေးကြေးရေးအဆင်မပြေလို့ရှိရင်လည်း ကျေးလက်ဒေသဦးစီးဌာနကနေပြီးတော့ ဒီတစ်ဝက်ကိုလည်းချေးပေးမယ်။ မီးပြန်လင်းပြီးရင်တော့ ဒီငွေတွေပြန်ဆပ်ပါလို့ ကျွန်တော်တို့ အရပ်ထဲမှာဒီလိုပဲ သိနေကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တကယ်တမ်းအခုအချိန်မှာ နိုင်ငံတော်အထောက်အပံ့မရတဲ့အပြင် ကျေးလက်ဒေသဦးစီးဌာနမှာ တကယ်ချေးပြန်တော့လည်း အဲဒီချေးငွေတွေဟာ မရတဲ့အနေအထားရှိနေတယ်။ တော်တော်လေးနှောင့်နှေးတဲ့အနေအထား ရှိနေတဲ့အတွက်ကြောင့် ကျွန်တော် ဆက်စပ်မေးခွန်းလေး မေးချင်တာကတော့ ဒီကျေးလက်ဒေသဖွံ့ဖြိုးရေးဟာ ကိုယ်ထူကိုယ်ထနဲ့သာ တောက်လျှောက်ဆောင်ရွက်နေရတဲ့သူတွေဖြစ်တယ်။ မြို့ပေါ်နေပြည်သူတွေကတော့ ဒါ လျှပ်စစ်မီးအတွက်ဆိုရင် ထည့်ဝင်စရာမရှိဘဲနဲ့ နိုင်ငံတော်ကနေပြီး တိုက်ရိုက်ဆောင်ရွက်ပေးနေတယ်။ ကျေးလက်ဒေသကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆောင်ရွက်ပေးတဲ့အခါမှာ နိုင်ငံတော်က တစ်ဝက်ဆိုတာထောက်ပံ့မယ့်အစီအစဉ်များ ရှိပါသလား။ သို့တည်းမဟုတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကလည်း အမှန်တကယ်ချေးလို့ရှိရင်ကော လွယ်လွယ်ကူကူနဲ့ချေးလို့ရရှိနိုင်မလား ဆိုတဲ့မေးခွန်းလေးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ဟုတ်ပါတယ်ခင်ဗျား။ ဟို တုန်းက ကျွန်တော်တို့ အချက် ၂၁ ချက်ဆိုတာလည်းရှိပါတယ်။ နောက်ပိုင်းကျတော့ ကျွန်တော်တို့ အဲဒီ ကိစ္စတွေကို ဖြေလျှော့ပြီးတော့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာကလွဲလို့ ကျန်တဲ့ကိစ္စတွေအားလုံးကို သက်ဆိုင် ရာကျေးရွာတွေရဲ့အစီအစဉ်တွေနဲ့ မီးလင်းရေးကော်မတီတွေနဲ့ အုပ်ချုပ်ရေးမှူးတွေနဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပါလို့ပဲ ကျွန်တော်တို့ ဆုံးဖြတ်တဲ့အတွက်ကြောင့်မို့လို့ အများစု လွတ်လွတ်လပ်လပ် လုပ်လို့ ရသွားတာဖြစ်ပါတယ်။ စောစောက တင်ပြသွားတဲ့အထဲမှာ နိုင်ငံတော်က တစ်ဝက်ကျခံ၊ ပြည်သူက တစ်ဝက်ကျခံ။ အဲဒါ ကျွန်တော်တို့မူလည်းမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်ရရှိမှု အပေါ်မူတည်ပြီးတော့မှ ဓာတ်အားလိုင်းနှင့် မလှမ်းမကမ်းမှာရှိတဲ့ နှစ်မိုင်၊ သုံးမိုင်၊ ငါးမိုင်စသဖြင့်ရှိတဲ့ ဒေသတွေမှာ သက်ဆိုင်ရာပြည်နယ်တွေရဲ့၊ တိုင်းဒေသကြီးအသီးသီးရဲ့ တာဝန်ရှိသူအသီးသီးနဲ့ ကျေးရွာတွေနဲ့ညှိနှိုင်းပြီးတော့ တင်ပြလာတဲ့အပေါ်မှာ အခြေခံပြီးတော့ အဓိကကတော့ ကျွန်တော်တို့ ၁၁ ကေဗွီလိုင်း ၃၃ ကေဗွီပဲဖြစ်စေ၊ ၁၁ ကေဗွီလိုင်းပဲဖြစ်စေ ဒီရွာနဲ့မလှမ်းမကမ်းမှာ ရောက်နေ ပြီဆိုလို့ရှိရင် ကျွန်တော်တို့ ရွာထဲကိုအရောက်ပို့ပေးတဲ့အဆင့်ကိုတော့ နိုင်ငံတော်ကနေပြီးတော့ပဲ အခု ကျခံပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမယ့် ရွာထဲမှာကတော့ ရွာရဲ့အလျား၊ အနံ၊ အိမ်ခြေ မျိုးစုံရှိနေတဲ့အတွက်ကြောင့်မို့လို့၊ တစ်ရွာနဲ့တစ်ရွာလည်းပဲ မတူတဲ့အတွက်ကြောင့်မို့လို့ အဲဒီအပိုင်း တွေကျတော့ ခုနကပြောတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကနေပြီးတော့ပဲ ထိုက်သင့်တဲ့အကူအညီနဲ့ အတိုးနှုန်းနည်းစွာနဲ့ ချေးငွေနဲ့ဆောင်ရွက်ပေးပါလို့ပဲ အခုလောလောဆယ် ဖြေရှင်းနေရတဲ့သဘော ရှိပါတယ်။

ဒါပေမယ့် စောစောက ကျွန်တော်တင်ပြသွားတဲ့အထဲမှာ ပါပါတယ်။ ကျွန်တော်တို့ဟာ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ ၉၈ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ဆိုတာ(Electrification Plan)ဆိုတာ ရေးဆွဲပြီးဖြစ်ပါတယ်။ အဲဒီရေးဆွဲပြီး Plan ထဲမှာ ကျွန်တော်တို့ လောလောဆယ် အမေရိကန်ဒေါ်လာ (US ဒေါ်လာ) ၄၀၀ သန်း ကျွန်တော်တို့ကို ခွင့်ပြုထားပြီးဖြစ်ပါတယ်။ အဲဒီ ၄၀၀ သန်းထဲမှာ အခု မကြာခင်ပဲ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီးတော့ အဲဒီ ချေးငွေကို ကမ္ဘာ့ဘဏ်၏အတိုးနှုန်းအနည်းဆုံးနဲ့ Electrification Plan ကို စတင် အကောင်အထည် ဖော်နိုင်ဖို့အတွက် ကျွန်တော်တို့ တင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီ Plan မှာ အဓိကအချက်က ဘာလဲ ဆိုတော့ National Grid ကနေပြီးတော့ National Grid ဆိုတာ ရောက်ရှိပြီး ၁၁ ကေဗွီ၊ ၃၃ ကေဗွီ အစရှိသဖြင့်ပေါ့။ ၆၆ ကေဗွီ ဒါတွေပေါ့။ အဲဒါတွေကနေပြီးတော့ ကျွန်တော်တို့က နှစ်မိုင်အတွင်း

မှာရှိတယ်ဆိုလို့ရှိရင် အဲဒီ Plan က ချက်ချင်းစပြီးအကောင်အထည်ဖော်လိုက်မှာဖြစ်ပါတယ်။ ဒုတိယ ငါးမိုင်ကိုတက်မှာဖြစ်ပါတယ်။ တတိယက သူ့ထက်ဝေးတဲ့နေရာတွေကို ကျွန်တော်တို့ တက်မှာဖြစ်ပါတယ်။ တကယ်လို့များ အဲဒီလိုမျိုးများလုပ်လိုက်လို့ နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ် အတွင်းမှာ ဒီဟာက မီးမရနိုင်သေးဘူးဆိုလို့ရှိရင် ကျွန်တော်တို့က သီးခြားအစီအစဉ်နဲ့ ဆိုလာဖြစ်စေ၊ Wind ဖြစ်စေ၊ Small Hydro Power ဖြစ်စေ တစ်နည်းနည်းနဲ့ဖြေရှင်းဖို့အတွက် ကမ္ဘာ့ဘဏ်ရဲ့ပညာရှင်များကလည်း အားလုံးညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေ လောလောဆယ် အခုဖြစ်နေတဲ့၊ ကိုယ်ထူကိုယ်ထလေးလုပ်နေရတယ်ဆိုတဲ့ဟာလေးကလည်း အခိုက်အတန့်လေးသာလျှင်ဖြစ်ပါကြောင်းနှင့် မကြာခင် ဒီလေး၊ ငါး၊ သုံးနှစ်အတွင်းမှာပင် နိုင်ငံတော်ရဲ့ထည့်ဝင်ငွေ၊ ကမ္ဘာ့ဘဏ်ထည့်ဝင်ငွေ နောက်တစ်ခါ ကျွန်တော်တို့က ဒီ development Bank Partners တွေရဲ့ ထည့်ဝင်ငွေများနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ငလျင်နှင့်ဆက်နွယ်သော သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်မှုနှင့်ပတ်သက်၍ လုံလောက်သော လေ့လာပြင်ဆင်မှုများ ပြုလုပ်ရန်၊ ပြည်သူများနှင့် ပညာရှင်များ လက်ခံနိုင်အောင် ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ သံလွင်မြစ်ဟာ ဆည်ပိတ်ခြင်းမခံရသေးတဲ့ ကမ္ဘာ့ရှည်လျားသောမြစ်တွေထဲက တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် မြစ်ကြီးတစ်လျှောက် တစ်ဖက်နိုင်ငံတိဘက်ကုန်းမြေမြင့်မှာ တာတမံပေါင်း ၂၀ ကျော်၊ ယူနန်ပြည်နယ်မှာ ၁၃ ခု၊ မြန်မာနိုင်ငံမှာတော့ နောက်ဆုံးရွေးချယ်ထားတာ စီမံကိန်း ငါးခုရှိတယ်လို့ သိရပါတယ်။ တစ်ဖက်မှာလည်း တရုတ်-မြန်မာနဲ့ နိုင်ငံတကာပညာရှင်တွေရဲ့ ထောက်ပြဝေဖန်ချက်တွေကို လွန်ခဲ့တဲ့နှစ်ကုန်ပိုင်းမော်လမြိုင်တက္ကသိုလ်မှာတစ်ကြိမ်၊ ချင်းမိုင်တက္ကသိုလ်မှာတစ်ကြိမ်တို့အပြင် ပြည်တွင်းပြည်ပမီဒီယာတွေမှာ ပညာရှင်တွေ ပြောဆိုနေတာတွေကို ကျွန်မတို့ တွေ့ရပါတယ်။ သံလွင်မြစ်ဝှမ်းဒေသကြီးတစ်ခုလုံးဟာ ငလျင်ကြီးတွေလှုပ်နိုင်တဲ့ဒေသကြီးတစ်ခုလို့ သိရပါတယ်။ ရှမ်းကုန်းမြေမြင့်ဟာ မြန်မာ

နိုင်ငံမှာ လျှော်အများဆုံးလုပ်တဲ့နေရာတွေထဲမှာ တစ်ခုပါနေတဲ့အကြောင်းကိုလည်း ကျွန်မတို့ သိရပါတယ်။ နိုင်ငံတွေရဲ့သမိုင်းတစ်လျှောက်မှာ စက်ကိရိယာမှတ်တမ်းအရ ပမာဏ ၈ ထက်အကြီးဆုံးဖြစ်တဲ့ မေမြို့လျှော်ကြီးဟာ ဒုဋ္ဌဝတီမြစ်အနီး ကျောက်ကြမ်းပြတ်ရွေ့ပေါ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ ကျော် ၁၉၁၂ ခုနှစ်က လှုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် ၁၉၉၅ ခုနှစ်က ကျိုင်းတုံဒေသမှာ ပမာဏ ၇.၅ လောက် လျှော်ကြီးတစ်ခုဖြစ်ခဲ့တဲ့အပြင် ၂၀၀၄ ဆူမားတြား၊ ဆူနာမီရေကြီးခါစကလည်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်ဒေသမှာ လျှော်ပေါင်း ၁၀၀ ကျော် လှုပ်ခဲ့ပါတယ်။ ဒီဘက်ခေတ်မှာတော့ လူအသေအပျောက်အများဆုံးဖြစ်ခဲ့တဲ့ တာလေလျှော်ဟာဆိုလို့ရှိရင်လည်း ၂၀၁၁ ခုနှစ်က ဒီရှမ်းကုန်းမြေမြင့်မှာပဲ လှုပ်ခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာစီမံကိန်းအကောင်အထည်ဖော်သူတွေကတော့ သူတို့ရဲ့အကျိုးစီးပွားအတွက် တာတမံကြီးတွေ မပျက်စီးအောင် တတ်နိုင်သလောက် စဉ်းစားတွက်ချက်ကောင်း တွက်ချက်ကြမှာကို နားလည်ပါတယ်။ ဒါပေမယ့် သူတို့တစ်တွေ ဘယ်လောက်အထိ အသေးစိတ်လေ့လာသလဲ ဆိုတာ မေးခွန်းထုတ်စရာဖြစ်ပါတယ်။ ပြည်တွင်းပညာရှင်တွေ သူတို့နဲ့အတူ မြန်မာပြည်ထဲမှာ နှစ် ၂၀ လောက် တောက်လျှောက်လေ့လာနေကြတဲ့ ဂျပန်၊ အမေရိကန်၊ ထိုင်း၊ စင်ကာပူ၊ တရုတ်ပညာရှင်တွေနဲ့တော့ ဒီနေ့အထိ တိုင်ပင်ဆွေးနွေးတာမရှိဘူးလို့ သိရပါတယ်။ ဒီတော့ လေ့လာမှုအားနည်းလို့ လျှော်ကြီးတစ်ခုဖြစ်ပြီး အင်မတန်ကြီးမားတဲ့ဆည်ကြီးတစ်ခု ကျိုးပျက်သွားမယ်ဆိုရင် ကာယကံရှင်စီးပွားရေး သမားတွေအတွက် ငွေဆုံးရှုံးရတာကို အသာထားပြီး မြစ်ကျေမှာရှိတဲ့ ရှမ်း၊ ကယား၊ ကရင်၊ မွန် ဒီဒေသခံ သားချင်းတွေနဲ့ ဒေသခံတွေဟာ အင်မတန်ဆိုးရွားတဲ့ ဥစ္စာပစ္စည်းဆုံးရှုံးမှု၊ သေကြေပျက်စီးမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို တွေ့ကြုံရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အထက်မှာပြောခဲ့တဲ့အတိုင်း လျှော်နဲ့ ဆည်တစ်ခုချင်းစီရဲ့ တွက်ချက်တိုင်းတာမှုတင်မကသေးပါဘူး။ လျှော်တစ်ခုလှုပ်လို့ ဆည်ကို တိုက်ရိုက်မထိခိုက်ရင်တောင်မှ မြင့်မားတဲ့တောင်တန်းတွေနဲ့ ကာရံထားတဲ့ဒေသမှာ မြေပြိုမှုတွေ၊ တောင်ပြိုမှုတွေဟာ အချိန်မရွေးဖြစ်နိုင်ပါတယ်။ ၂၀၁၂ ခုနှစ် နာဂစ်မုန်တိုင်းနဲ့ မရှေးမနှောင်းဖြစ်ခဲ့တဲ့ တရုတ်ပြည် စီချွမ်လျှော်မှာတုန်းကလည်း တောင်တွေပြိုလို့ ဆည်တွေပျက်ခဲ့တာရှိပါတယ်။ ဒါတွေအတွက်ရော ပြင်ဆင်ထားပြီလားလို့ သိချင်ပါတယ်။ ကျွန်မတို့ သိရသလောက်တော့ အခုအချိန်အထိ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ထားတာကို မတွေ့ရသေးပါဘူးရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြစ်နိုင်ငံရဲ့အကြီးဆုံးမြစ်ကြီးလေးသွယ်ထဲက တစ်ခုဖြစ်တဲ့ သံလွင်မြစ်ပေါ်မှာ တည်ဆောက်ဖို့ ပြင်ဆင်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေအတွက် လျှော်နဲ့

ဆက်နွယ်တဲ့ သဘာဝဘေးအန္တရာယ်တွေ၊ စီမံကိန်းတစ်ခုကနေတစ်ခုအပေါ် ဆင့်ကဲသက်ရောက်နိုင်တဲ့ ဘေးအန္တရာယ်တွေ၊ အိမ်နီးချင်းနိုင်ငံက ဒီမြစ်ပေါ်မှာ တည်ဆောက်မယ့် စီမံကိန်းတွေကနေ မိမိနိုင်ငံသားတွေအပေါ်မှာ ဖြစ်လာနိုင်တဲ့ဘေးအန္တရာယ်တွေနဲ့ ဒါတွေအပေါ် စိုးရိမ်ပူပန်နေတဲ့ တိုင်းရင်းသားပြည်သူတွေအတွက် နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဌာနများအနေနဲ့ လုံလောက်တဲ့ လေ့လာပြင်ဆင်မှုတွေ ရှိထားပြီလား။ အများပြည်သူလက်ခံနိုင်အောင် ရှင်းလင်းတင်ပြ ဆွေးနွေးမှုတွေ၊ သက်ဆိုင်ရာပညာရှင်များရဲ့ လက်ခံမှုတွေရှိအောင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ မေးခွန်းကိုက သိပ်ပြီးတော့ နက်တဲ့အတွက်ကြောင့်မို့လို့ ဖြေရမယ်ဆိုရင်တော့ အကြာကြီး ဖြေရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အချိန်ကိုငဲ့ညှာသောအားဖြင့် ခြောက်မိနစ်၊ ခုနစ်မိနစ်လောက် အတွင်းမှာ အတိုချုပ်ပြီးတော့ပဲ ကျွန်တော် တင်ပြပါ့မယ်။ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေတဲ့ဟာ အားလုံးကို In Figure ဖြစ်အောင် Power Point လေးနဲ့တစ်ချက် အဓိကကျတာလေးတွေကိုပဲ ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကကတော့ လေ့လာတယ်ဆိုတဲ့နေရာမှာ အကြိုလေ့လာတာရှိပါတယ်။ အကြိုလေ့လာလို့ ဖြစ်နိုင်ချေရှိတဲ့အခါကျမှ ကွင်းဆင်းလေ့လာခြင်းဆိုတာ ဖြစ်ပါတယ်။ ကွင်းဆင်းလေ့လာတဲ့အခါကျရင်တော့ အသေးစိတ်စူးစမ်းလေ့လာဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဓိကကတော့ စောစောက တင်ပြသွားတဲ့အထဲမှာ လျှော်တွေအကြောင်းပဲ အဓိကထားပြီးတော့ စိုးရိမ်တဲ့အကြောင်းကို တင်ပြတာ တွေ့ရပါတယ်။ တွေ့တော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြေလျှော်ကော်မတီဆိုတာရှိပါတယ်။ မြေလျှော်ကော်မတီက ၂၀၀၅ ခုနှစ်တုန်းက ဘယ်ဘက်ကပြထားတဲ့ ပုံ ၁ သူတို့ ပုံထုတ်ပြီးတော့မှ နှစ်ပေါင်းများစွာ နှစ် သန်းပေါင်းထိအောင် ကျွန်တော်တို့ ချိုးပြီးတော့ ရတဲ့အတွေ့အကြုံနဲ့ ပုံထုတ်တာဖြစ်ပါတယ်။ ညာဘက်ကပုံကတော့ ၂၀၁၂ ခုနှစ်မှာ Revise ထပ်လုပ်လိုက်တဲ့ Modernize လုပ်လိုက်တဲ့ပုံဖြစ်ပါတယ်။ အဲ့ဒီမှာ သံလွင်မြစ်ကို မြင်နေရမှာဖြစ်ပါတယ်။ ကျွန်တော် နံပါတ်တွေနဲ့ ထိုးပြထားပါတယ်။ အဲ့ဒီမှာ Color တွေမှာဖြစ်ပါတယ်။ အဲ့ဒီ Color သည် အညွှန်းမှာပါတဲ့ အောက်ဆုံးက Color ဖြစ်နေတာကို သတိထားမိမှာဖြစ်ပါတယ်။ အောက်ဆုံးမှာ

ကျွန်တော်တို့က အညွှန်းခြောက်ကွက် ကလေးရှိတယ်ဆိုလို့ရှိရင် သူရဲ့ သံလွင်မြစ်ကြီးရဲ့ ဘေးတစ်လျှောက်မှာရှိနေတဲ့ Color သည် အောက်ဆုံးက အဝါရယ်၊ အဝါနုရယ်၊ အဝါရင့်ကလေးရယ်ကို တွေ့မှာဖြစ်ပါတယ်။ အဲ့ဒီအောက်ဆုံးက စပြီးတော့မှ အနည်းဆုံးက စပြီးတော့မှ အပေါ်ဆုံးက အနီရဲအရင့် အများဆုံးအထိ သွားတာဖြစ်ပါတယ်။ အဲ့ဒီမှာ ဘာတွေ့နိုင်သလဲဆိုတော့ ပဲခူးရိုးမကြီး တစ်လျှောက်မှာ စစ်တောင်းမြစ်ရဲ့အရှေ့ဘက်၊ အနောက်ဘက်အခြမ်းမှာဆိုလို့ရှိရင် ပဲခူးပြတ်ရွှေ့ဆိုတာရှိပါတယ်။ သူ့မှာ နီရဲနေတာကို တွေ့မှာဖြစ်ပါတယ်။ အဲ့ဒီနီရဲတဲ့တစ်လျှောက်လုံးကြီးဟာ အပေါ်က အညွှန်းမှာဆိုလို့ရှိရင် ခြောက်ကွက်မှာ ဖော်ပြထားတဲ့အပေါ် အနီရဲဆုံးအကွက်မှာ တည်ရှိနေတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ တင်ပြချင်တာကတော့ ဒီသံလွင်မြစ်ပေါ်မှာရှိတဲ့ စီမံကိန်းတွေရဲ့ဒုက္ခထက် အဓိကကျတာကတော့ ပဲခူးရိုးမရဲ့အရှေ့ဘက်အခြမ်း၊ အနောက်ဘက်အခြမ်းမှာရှိတဲ့ စီမံကိန်းတွေရဲ့ဒုက္ခက ပိုပြီးတော့ ကြီးမှာဖြစ်ပါတယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်တို့က ကြိုတင်ပြင်ဆင်ပြီးတော့ စနစ်တကျလိုအပ်တဲ့တမံဒီဇိုင်းကို ပုံစံထုတ်တဲ့အဆင့်အထိအောင် ကျွန်တော်တို့က ဆောင်ရွက်ခဲ့လို့ ယနေ့အထိလည်းပဲ ကျွန်တော်တို့က ဘာမှမဖြစ်သေးတာ ဖြစ်ပါတယ်။

ဒီမှာ ကျွန်တော် တင်ပြလိုတာကတော့ အတိုချုပ်လေး တင်ပြပါမယ်။ ကွမ်းလုံနဲ့ နောင်ဖစီမံကိန်းကိုလုပ်မယ်ဆိုလို့ရှိရင် အောက်ကစီမံကိန်းတွေက သူရဲ့ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ ကျွန်တော်တို့ မလေ့လာရသေးပါဘူး။ လုပ်နေဆဲပဲရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ မဖြေနိုင်သေးပါဘူး။ အပေါ်က ကွမ်းလုံနဲ့ နောင်ဖစီမံကိန်းကို ကြည့်လို့ရှိရင် အမြင့်ဆုံးသက်ရောက်နိုင်တဲ့ တစ်ကျော့ပြန်ငလျင်ကို ကျွန်တော်တို့က နှစ်ပေါင်းတစ်သောင်းအထိအောင်တောင် စဉ်စားထားတာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၅၀၀၊ ၁၀၀၀ မဟုတ်ဘဲနဲ့ တစ်သောင်းအထိအောင်တောင် စဉ်းစားထားတာဖြစ်ပါတယ်။ ဒါက အခြေခံအချက်ဖြစ်ပါတယ်။ သူနောက်မှာတော့ အသေးစိတ်စဉ်းစားရတဲ့အချက်တွေကတော့ အများကြီးပါသေးတဲ့အတွက်ကြောင့်မို့လို့ မြင့်မားစွာနဲ့ပဲ ကျွန်တော်တို့ လုပ်ထားပါတယ်ဆိုတဲ့ အကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဒါကတော့ အခုနက ကျွန်တော်တို့ တင်ပြသွားတဲ့ မြန်မာနိုင်ငံထဲမှာ ဘယ်သူနဲ့မှ မပူးပေါင်းသေးပါဘူးလို့ ပြောနေတဲ့ဟာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မြေငလျင်ကော်မတီနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနဲ့ ပူးပေါင်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲနဲ့ စီမံကိန်းတစ်ခုချင်းစီကို ဘယ်လိုသဘောထားမလဲဆိုတာကို ဆွေးနွေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့မှတ်တမ်း

တင်ထားတာပါ။ ဒါလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမြေလျှင်ကော်မတီနဲ့ ပူးပေါင်းပြီးတော့ လုပ်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံ လေးတစ်ခုရှိပါတယ်။ အဲ့ဒီမှာ ဒုတိယတန်း၊ တတိယတန်းက ကျွန်တော်တို့ဆီက လူတွေ အများကြီးဝင်ရောက်ဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒါကတော့ ကမ္ဘာ့တမံကြီးများကော်မရှင်ရဲ့ မြေလျှင်ကော်မတီ ဥက္ကဌလာတဲ့အချိန်မှာ သူ့ကို ကျွန်တော်တို့ တင်ပြလာလို့ သူက ပြန်ဆွေးနွေးနေ တာဖြစ်ပါတယ်။ အဲ့ဒီလိုပဲ ညာဘက်ကပုံကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တမံကြီးများကော်မတီ ဥက္ကဌနဲ့ ကျွန်တော်တို့နဲ့ ညှိနှိုင်းဆွေးနွေးတဲ့ပုံဖြစ်ပါတယ်။ အောက်ကပုံတော့ အစည်းအဝေးကို တက်ရောက်ကြသူများနဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးနေကြ တာပဲ ဖြစ်ပါတယ်။

အဓိကကတော့ စောစောက တင်ပြသွားတဲ့အထဲမှာ ကျွန်တော်တို့ဌာနရဲ့ လုပ်နေတဲ့အလုပ် ကလေးကိုတော့ နည်းနည်းရှင်းပြပါရစေ။ ကျွန်တော်တို့ ဝန်ကြီးဌာနက နာမည်ကသာ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနဖြစ်ပါတယ်။ သူ့အောက်မှာရှိတဲ့ ဦးစီးဌာနတစ်ခုက Civil ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီးတော့ ဆည်မြောင်းဦးစီးဌာနမှာ တာဝန်ထမ်းနေတဲ့ ဆည်မြောင်းဦးစီးဌာနရဲ့ ညွှန်ကြား ရေးမှူးချုပ်နဲ့ တန်းတူလုပ်ငန်းတွေနဲ့ဆောင်ရွက်နေတဲ့ ဖွဲ့စည်းပုံနဲ့ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီဖွဲ့စည်းပုံထဲမှာ ညွှန်ကြားရေးမှူးချုပ်သည် မြို့ပြဘွဲ့ရတစ်ယောက်ဖြစ်ပြီးတော့ ကျွန်တော်ပင်လျှင် အဲဒီက အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စတွေကို ငယ်စဉ်ဘဝကတည်းက ကျင်လည်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒါတွေနဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင်တော့ အများကြီး ပြောရမှာဖြစ်ပါတယ်။ အဓိကအချက်က ဘာလဲဆိုတော့ ကျွန်တော်တို့က ကျွန်တော်တို့ကြီး လုပ်တာ မဟုတ်ပါဘူး။ အဲ့ဒီမှာ အခုတင်ပြသွားတဲ့အတိုင်းပေါ့။ ကျွန်တော်တို့ဌာနမှာ တစ်ချိန်လုံး အချိန်ပြည့် ဘေးကနေပြီးတော့ ကျွန်တော်တို့ကို ညှိနှိုင်းတိုင်ပင်ပြီးတော့ အကြံဉာဏ်ပေးနေတဲ့ Consultant အဖွဲ့ရှိပါတယ်။ အခု ၂၀၀၀ ခုနှစ်ကနေစပြီးတော့ လုပ်ခဲ့တာ နောက်ဆုံးပိတ်ဆိုရင် Multiconsult က နော်ဝေက ယနေ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုပဲ သီးခြားစီမံကိန်းကြီးတွေဆိုလို့ရှိရင်လည်းပဲ ဆွစ်ဇာလန် ကနေပြီးတော့ လုပ်တဲ့ကုမ္ပဏီဆိုရင် ရဲရွှာ၊ အထက်ပေါင်းလောင်း၊ ရွှေလီ(၃) ဒါ သူတို့က တာဝန်ယူထားပါတယ်။ Lahmeyer- Stuckey SA ဆိုရင်လည်းပဲ ဂျာမနီ၊ ဆွစ်ဇာလန် ပူးပေါင်းပါ။ အထက်ရဲရွှာကို တာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ စီမံကိန်းတစ်ခုချင်းစီကို တာဝန်ယူ တာရယ်၊ တာဝန်ယူတာရယ်ကို Consultant တွေ ခွဲထားပါတယ်။

ဒါကတော့ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ စောစောက တင်ပြတဲ့ ဦးစီးဌာနကနေ ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းလုပ်ငန်းတွေပဲ အောင်မြင်တဲ့စီမံကိန်းလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဒါ မြေသားတမံမိုးပြဲဖြစ်ပါတယ်။ ဒါကတော့ ကွမ်းချောင်းတမံ ဖြူးမြို့ရဲ့အနောက်ဘက်မှာရှိပါတယ်။ ကျွန်တော်တို့ဟာ ဖို့မြေ Rock Dam Fill ဒဏ်အဖြစ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အောက်က ရွှေကျင်ဖြစ်ပါတယ်။ ဒါ ရေလျှောင်ပမာဏတွေလည်း ဖော်ပြထားပါတယ်။ အပေါ်ကတော့ သောက်ရေခပ်(၂)ဖြစ်ပါတယ်။ အောက်ကတော့ ရဲရွာ RCC Dam ဖြစ်ပါတယ်။ ဒါ အခုဆောင်ရွက်ထားပြီးသား ဖြစ်ပါတယ်။ အဓိကဆောင်ရွက်ချက်ကတော့ တမံက အခု သံလွင်မြစ်ပေါ်မှာရှိတဲ့ တမံနှစ်ခုဟာ ကွမ်းလုံနဲ့ နောင်ဖ စိစစ်ထားတဲ့အချိန်မှာ သူ့ရဲ့အမြင့်တွေသည် သိပ်မြင့်ခြင်းမရှိသလို နိမ့်ခြင်းလည်းမရှိတဲ့ အလယ်အလတ်အဆင့်မှာရှိတယ်ဆိုတာ နှိုင်းယှဉ်ဖော်ပြထားခြင်းပဲ ဖြစ်ပါတယ်။ ရေလှောင်ပမာဏတွေကိုလည်း နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ရေလှောင်ပမာဏဟာလည်း အမြင့်ပိုင်းမှာမရှိဘဲနဲ့ သူက အလယ်အလတ်ရဲ့အောက်ပိုင်းမှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှိုင်းယှဉ်ကြည့်နိုင်အောင် တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တမံတည်ဆောက်တဲ့အခါမှာ တည်ဆောက်ရုံသက်သက်နဲ့ ထားခဲ့လို့မရပါဘူး။ သူကို ကျွန်တော်တို့ဌာနကနေ တည်ဆောက်ခဲ့တဲ့ အခု တမံကြီးအကြီးကြီး သုံးခုရှိပါတယ်။ ရဲရွာရယ်၊ အထက်ပေါင်းလောင်းရယ်၊ ရွှေကျင်ရယ်ရှိပါတယ်။ ဘာတွေတပ်ခဲ့လဲဆိုရင် Monitoring Systems တွေ၊ Instruments တွေ ကျွန်တော်တို့ တပ်ခဲ့ရပါတယ်။

ဘေးတိုက်လှုပ်ရှားခြင်း၊ အထက်အောက်လှုပ်ရှားခြင်း၊ မျိုးစုံလှုပ်ရှားမှု နည်းစနစ်တွေ ဘယ်လိုလှုပ်ရှား၊ လှုပ်ရှား ကျွန်တော်တို့က ချက်ချင်းသိနိုင်အောင်လို့ဆိုပြီးတော့ ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း Monitor လုပ်နေရတဲ့၊ အချိန်ပြည့် Monitor လုပ်နေရတဲ့ တပ်ဆင်ထားတဲ့ ပစ္စည်းတွေဟာဆိုရင် ရဲရွာမှာ ၇၉ ခုတပ်ထားပါတယ်။ အထက်ပေါင်းလောင်းမှာဆိုရင် ၅၂ ခုတပ်ထားပါတယ်။ ရွှေကျင်မှာဆိုရင် ၂၁ ခုတပ်ဆင်ပြီးတော့ တောက်လျှောက်ထိုင်ပြီးတော့ ကျွန်တော်တို့က တမံတွေကို ကြည့်နေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Cascade တစ်ခုလုပ်တော့မယ်ဆိုလို့ရှိရင် Cascade Control Centre တစ်ခုထူထောင်ဖို့ လိုပါတယ်။ အခု ကျွန်တော်တို့ သံလွင်မြစ်ပေါ်မှာလုပ်တဲ့စီမံကိန်းဆိုလို့ရှိရင် စီမံကိန်းက တစ်ခု၊ နှစ်ခုကနေမကတော့ဘဲနဲ့များများ ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ Cascade Control Centre ထူထောင်ရမှာ ဖြစ်ပါတယ်။ အဲဒါလည်း ကျွန်တော်တို့ ထူထောင်ထားဖို့အတွက် စီစဉ်ဆောင်ရွက်ပြီးတော့ အစည်းအဝေးတွေလည်း ကျင်းပပြီး

ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ China နဲ့ Myanmar နဲ့ရယ် ပူးပေါင်းဆောင်ရွက်မှုမရှိသေးဘူးဆိုတာ အဲဒီကော်မရှင်ဟာ လုပ်ပြီးသားဖြစ်ပါတယ်။ အဲဒီမှာ နှစ်ဖက်ကော်မရှင်ကို နိုင်ငံတော်သမ္မတကြီးရှေ့မှာပဲ ကျွန်တော်တို့ဝန်ကြီးနဲ့ တစ်ဖက်ကဝန်ကြီးနဲ့ လက်မှတ်ရေးထိုးပြီးတော့မှ ပြီးခဲ့တဲ့မိုးတွင်းမှာပဲ လက်မှတ်ထိုးခဲ့တာပဲဖြစ်ပါတယ်။ အဲဒီမှာ လုပ်ငန်းကော်မတီထဲမှာဆိုလို့ရှိရင် ဘာဖြစ်လဲဆိုတော့ ကျွန်တော်က တစ်ဖက်ကခေါင်းဆောင်၊ ဟိုဘက်ကလည်းပဲ National Energy Administration က ဒုတိယအုပ်ချုပ်ရေးမှူးက ခေါင်းဆောင်အဖြစ်နဲ့ ကျွန်တော်တို့က Coordination အမြဲတမ်းလုပ်လို့ရအောင် အဲ့ဒီအစည်းအဝေးလည်း ကျင်းပပြီးဖြစ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ River Master Plan ဖြစ်ပါတယ်။ River Master Plan ကိုတော့ ကျွန်တော် ဥရောပအတိုင်ပင်ခံဖြစ်တဲ့ Stuckey စောစောကတင်ပြသွားခဲ့တဲ့ Lahmeyer Stuckey (ဆွစ်ဇာလန်)နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဒါစောစောက တင်ပြတဲ့ထဲမှာ Cascade တွေဖြစ်လာလို့ရှိရင် ဘယ်လိုလုပ်မလဲဆိုတာ ကျွန်တော်တို့ နိုင်ငံတကာမှာ Cascade တွေရှိပါတယ်။ အခုဒီမှာဆိုလို့ရှိရင် တူရကီရဲ့ ကိုရူမြစ်ပေါ်မှာဆိုလို့ရှိရင် ၁၅ ခုတောင်ရှိပါတယ်။ အဲဒီ ၁၅ ခုကိုလည်း ဘယ်လိုထိန်းသလဲဆိုတာလည်း ကျွန်တော်တို့ နမူနာယူပြီး ဖြစ်ပါတယ်။ အဲဒီမှာ Consultant တွေကလည်း အဲ့ဒါကို ပြောပါတယ်။ USA က ကိုလံဘီယာ မြစ်ပေါ်မှာဆိုလည်း Cascade ဆိုလို့ရှိရင် ခုနစ်ခုရှိပါတယ်။ မဂ္ဂါဝပ် ၁၄၀၀၀ ကျော်တောင်ရှိပါတယ်။ နောက်တစ်ခုကတော့ ဩစတြီးယားရဲ့ ဒင်ညူမြစ်ပေါ်မှာရှိပါတယ်။ ဒါသူ့နိုင်ငံတစ်နိုင်ငံထဲပင်ဖြစ်ပါတယ်။ ဒင်ညူမြစ် ကြီးကအရှည်ကြီးဖြစ်ပါတယ်။ ဩစတြီးယားတစ်ခုတည်းတင်ကို ၁၀ ခု ရှိပါတယ်။ ဒီမှာ တမံတွေဖျက်သိမ်းနေတယ်၊ ဖျက်သိမ်းနေတယ်လို့ ပြောနေတာတွေကလည်း ကျွန်တော်တို့ ကြားနေရပါတယ်။ အဲဒီတော့ တမံတွေဘယ်လို ဖျက်သလဲဆိုတာတွေ တင်ပြလိုပါတယ်။ အမေရိကန်မှာဆိုလို့ရှိရင် တမံပေါင်း ၈၄၁၃၄ ဦးရှိပါတယ်။ အဲဒီထဲမှာမှ အကြီးစားတွေက ၈၁၀၀ ရှိပါတယ်။ ဘာတွေဖျက်သလဲလို့မေးလို့ရှိရင် အမြင့်နှစ်မီတာလောက်ရှိပြီးတော့ အလျား ၃၀ မီတာလောက်ရှိတဲ့ တမံ ၄၀၀ ကိုဖျက်ပါတယ်။ ၂၀၀၀ ခုနှစ်မတိုင်ခင် ထိအောင်ဖျက်တာ ၄၃၅၆ ခုဖျက်ပြီးဖြစ်ပါတယ်။ သူ့ဖျက်ရတဲ့ရည်ရွယ်ချက်ကတော့ ဘာလဲဆိုတော့ သက်တမ်းကုန်နေတဲ့ ၅၂ နှစ်ကနေပြီးတော့ နှစ်ပေါင်း ၂၀၀ လောက်ထိဖြစ် နေတဲ့ဟာတွေကို ပျမ်းမျှ ကျွန်တော်တို့ ထုတ်နုတ်ထားတာဖြစ်ပါတယ်။ ဘာကြောင့်ဖြစ်သလဲမေးလို့ရှိရင်လည်း နုန်းပိုချတာလို့၊ သိုလှောင်နိုင်မှု သိပ်နည်းလာတာလို့ ရှေးတုန်းကလုပ်ထားတဲ့စံတွေဖြစ်လို့ နည်းပညာတွေနိမ့်နေတာလို့ နောက်တစ်ခါ မူလလိုအပ်ချက်မရှိ

တော့ဘူးဆိုတဲ့အပိုင်းတွေ ရေရရှိရေး၊ ရေလွှမ်းမိုးမှုကာကွယ်ရေး အပန်းဖြေရေး ဒါတွေမလိုအပ်တော့ဘူး။ ခေတ်မီလာပြီ ခေတ်မီတဲ့နည်းနဲ့ လုပ်တယ်ဆိုတဲ့ဟာတွေအတွက် အဟောင်းတွေကိုဖျက်တာဖြစ်ပါတယ်။ ကျွန်တော်နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ပြည်သူသုံး ၆၇ ရာခိုင်နှုန်းက လျှပ်စစ်မီးမရရှိသေးပါဘူး။ ဒါလေးက သိပ်အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့နည်းမျိုးစုံနဲ့ ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားရမှာဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် ကျွန်တော်တို့က ဒုတိယအနိမ့်ဆုံးဖြစ်ပါတယ်။ ၁၉၀ ယူနစ်ပဲ လူတစ်ယောက်ယောက်က တစ်နှစ်ကို သုံးနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့အောက်မှာ ကမ္ဘောဒီးယား တစ်ယောက်ပဲကျန်ပါတော့တယ်။ အဲ့ဒီတော့ ဒီလို အခြေအနေမျိုးကရုန်းထွက်ဖို့ဆိုလို့ရှိရင် ဒီလောက် ရေအားလျှပ်စစ်အရင်းအမြစ်တွေ ပေါကြွယ်ဝနေတဲ့ ၁၆.၇ ရာခိုင်နှုန်းတောင်မှ အရှေ့တောင်အာရှမှာဖုံးလွှမ်းနေတဲ့ ရေအားလျှပ်စစ်တွေ ပေါနေတဲ့နိုင်ငံမှာ ဈေးနှုန်းအသက်သာဆုံးလည်းဖြစ်တဲ့လုပ်ငန်းကို ကျွန်တော်တို့က နည်းလမ်းပေါင်းစုံနဲ့ရှာဖွေပြီးတော့မှ အန္တရာယ်အကင်းဆုံးဖြစ်အောင်ကြိုးစားပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်တဲ့အချိန်မှာလည်းပဲရရှိတဲ့ ဒီ Result တွေ၊ အခြေအနေတွေကို စာစောကတင်ပြထားတဲ့ ပညာရှင်များကို ကျွန်တော်တို့ ဖိတ်ခေါ်ပြသကိုယ်တိုင်သွားပြီးတော့မှ မေးမြန်းပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်းကို တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ထပ်ဆင့်မေးမယ်။ မိုက်ပေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒုတိယဝန်ကြီးကတော့ အခုလိုရှင်းပြတဲ့အတွက် ကျွန်မတို့ ပြည်သူ့လွှတ်တော်အနေနဲ့ကတော့ သိရပါတယ်။ ဒါပေမယ့်လို့ အခုလိုစိုးရိမ်ပူပန်နေတာဟာ ကျွန်မတို့တင်မကပါဘူး။ သက်ဆိုင်ရာဒေသအတွင်းမှာရှိတဲ့ ကျွန်မတို့ တိုင်းရင်းသားပြည်သူလူထုတွေအားလုံးနှင့်တကွ ပညာရှင်တွေအားလုံးက စိုးရိမ်ပူပန်မှုတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုမျိုးတွေကို ကျွန်မတို့ပြည်သူ လူထုတွေသိအောင်လို့ ဝန်ကြီးဌာနတွေအနေနဲ့ ရှင်းလင်းပြသင့်တယ်လို့ ကျွန်မတို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျတော့ အခုကျွန်မတစ်ဆက်တစ်စပ်တည်း မေးခွန်းကိုမေးရမယ်ဆိုလို့ရှိရင် အခုဝန်ကြီးရှင်းပြထားတဲ့အတိုင်းဆိုလို့ရှိရင် ကျွန်မတို့က သံလွင်မြစ်ပေါ်မှာဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံထဲတွင်သာမကဘဲနဲ့ သံလွင်မြစ်ရဲ့အထက်ကနေ ဆောက်လာမယ့်ဆည်တွေနဲ့ ပေါင်းလိုက်မယ်ဆို အားလုံးပေါင်းက ဆည်ပေါင်း

၄၀ လောက်ရှိလာမည့် ဆင့်ကဲဖြစ်ပေါ်တည်ရှိမှုဟာ အခုဝန်ကြီးပြောသွားတာ ၁၀ ခုလောက်ရှိတဲ့ ဒါ နိုင်ငံတကာရဲ့အခြေအနေကိုပြောတာပါ။ ကျွန်မတို့သံလွင်မြစ်က အခုဟာ အထက်ကနေရှိလာမယ့် ဆင့်ကဲဟာ ၄၀ နီးပါးလောက်ရှိပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ တစ်ချိန်က အေးအေးချမ်းချမ်း စီးဆင်းနေတဲ့ ဒီသံလွင်မြစ်ဟာ တစ်ဦးဦးရဲ့ အားနည်းချက်ကြောင့်မို့လို့ ငလျင်ဒဏ်၊ မြေပြိုတဲ့ဒဏ်ကို မခံနိုင်တဲ့ ဆည်တစ်ခုခုရှိလို့ ကျိုးပြတ်သွားမယ်ဆိုရင် သူ့ရဲ့ဒဏ်ကြောင့်ကျန်တဲ့ အောက်ပိုင်းက ဆည်တွေအားလုံးဟာ ဘယ်လောက်ပဲတွက်ချက်ပြီး တည်ဆောက်ထားပါတယ်လို့ဆိုပါစေ ကျွန်မတို့ ဆင့်ကဲဆင့်ကဲပျက်စီးကြမှာကတော့ အသေအချာပဲဖြစ်ပါတယ်။ အခုလို စုပေါင်းထိခိုက်မှုရဲ့ အကျိုး သက်ရောက်မှုက လုပ်ငန်းရှင်ကုမ္ပဏီတွေအတွက်တစ်ခုတည်းထင်နဲ့တော့ မစီမံနိုင်ပါဘူး။ တရုတ်-မြန်မာအစိုးရနှစ်ရပ်လုံးရဲ့ အစိုးရတွေ၊ သူတို့ရဲ့ ပညာရှင်တွေစုပေါင်းပြီး အသေးစိတ် နှစ်ရှည်လများ လေ့လာထားမှသာ သိနိုင်မည့်အချက်တွေဖြစ်ပါတယ်။ စီမံခန့်ခွဲနိုင်တာမျိုးလည်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဘယ်လောက်ထိ လေ့လာတိုင်ပင်ထားပြီလည်းဆိုတာဟာ အားလုံးရဲ့စိတ်မှာ သံသယတွေဖြစ်နေပါတယ်။ နောက်တစ်ခု ဒုတိယဝန်ကြီးရှင်းပြတဲ့အထဲမှာ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ဒီဆည်တွေဆောက်လိုက်ခြင်းအားဖြင့် လျှပ်စစ်မီးလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုတဲ့ အနေ အထားမှာ အခုကျွန်မတို့သံလွင်မြစ်ပေါ်မှာဆောက်မည့် ဆည်ခြောက်ခုက ထွက်လာမယ့်လျှပ်စစ်အား ဟာ တစ်နိုင်ငံလုံးသုံးလို့ဆိုတဲ့ တစ်နိုင်ငံလုံးရဲ့လိုအပ်ချက်တင် မကပါဘူးရှင်။ အဲဒီတော့ ရောင်းစား ဖို့ရာလား၊ လျှပ်စစ်ဓာတ်အားကို အခြားနိုင်ငံတွေကိုရောင်းဖို့လား ကျွန်မတို့ပြည်တွင်းတင်အတွက်ပဲ သုံးဖို့ရန်အတွက်ကို ဒီလောက်ထိအောင်လိုပြီလားလို့ ကျွန်မတို့ မေးစရာရှိပါတယ်။ အဲဒီတော့ ကျွန်မ ထပ်ဆင့်မေးခွန်းအနေနဲ့ မေးခွန်းလေးခု မေးပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ (၁) ဆည်တစ်ခုချင်းစီအတွက် ငလျင်ဒဏ်ခံနိုင်မှု စံသတ် မှတ်မှုများရှိနေပြီလား။ ဥပမာ- ပမာဏကြီးမားတဲ့ မိုင်းတုံဆည်လို ဆည်မျိုးကိစ္စဖြစ်ပါတယ်။ (၂) အကယ်၍ ငလျင်ဒဏ်ကြုံလာပါက ဆည်ကျိုးပေါက်မှုကိုရော အာမခံချက်ပေးနိုင်မည်လား။ (၃) တရုတ်နိုင်ငံနှင့် ပြည်တွင်းဘူမိပညာရှင်များထံမှ မည်သည့်အချက်အလက်များရရှိထားပြီးလဲ။ (၄) တရုတ်ကုမ္ပဏီများအနေနဲ့ ဆည်ကျိုးပေါက်ပျက်စီးခဲ့သော် မည်ကဲ့သို့တာဝန်ယူမည်လည်းဆိုတာကို သိလိုပါတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းအောင် အချိန်ပေးဖြေနိုင်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ စောစောက ကျွန်တော်တင်ပြသွားတဲ့အထဲမှာ အချိန်ကိုချုပ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တင်ပြတာ ကျုပ်သွားတဲ့သဘော ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ကော်မရှင်ဖွဲ့ပြီးပါပြီ။ ဒီဟာနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဆိုတာကို သမ္မတကြီးအရှေ့မှာပဲ ဝန်ကြီးနဲ့ဟိုဘက်က ဝန်ကြီးအဆင့်လက်မှတ်ထိုးတဲ့အပေါ်မှာ ကျွန်တော်ကလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ်နဲ့ပါပြီးတော့ ဟိုဘက်က National Energy Administration က တရုတ်ပြည်ကအကြီးအကဲနဲ့ ကျွန်တော်တို့နဲ့က အဖွဲ့ဖွဲ့ထားပြီးဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့အစည်းအဝေးကလည်း ပြီးခဲ့တဲ့သုံးပတ်၊ လေးပတ်လောက်က ကျင်းပပြီးတော့ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည့်အချက်တွေကိုစောစောတုန်းကတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ စိုးရိမ်တဲ့ကိစ္စတွေအားလုံးကိုလည်း ကျွန်တော်တို့ ဆွေးနွေးလိုက်ပါတယ်။ ဆွေးနွေးပြီးတော့ သူတို့ကလည်းဘဲ ဒီအချက်အလက်တွေကို ပေးမှာဖြစ်ပါတယ်။ စောစောကတင်ပြသလို ကျွန်တော်တို့က တာတမံကြီးတွေ ၄၀ လောက်မရှိပါဘူး။ ဒါသူတို့နဲ့ကျွန်တော်တို့ရဲ့ တရားဝင်ပြောတဲ့စကားအရ လုပ်ရင်တောင်မှ သူတို့က ၁၃ ခုထက်မပိုပါဘူး။ အဲ့ဒီထဲမှာမှ အခုက ၄ ခုနဲ့ ၅ ခုပဲသူတို့စဉ်းစားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်လို့ပဲ ဒါတရားဝင်စကားတွေ ပြောကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြောပါတယ်။ ဖိတ်ပါ။ ဒါ ကျွန်တော်တို့က ဒီမြစ်က တစ်နိုင်ငံတည်းလုပ်ရတဲ့ဖြတ်တဲ့မြစ်မို့ ကျွန်တော်တို့ကို ဖိတ်ပါ။ တစ်ကယ်လို့ ယုံကြည်စိတ်ချရအောင် ကျွန်တော်တို့ကိုလည်းပြပါ။ ဒါတွေ ကျွန်တော်တို့က ပြည်သူထဲက ပြည်သူတစ်ယောက်အဖြစ်နဲ့ပဲ သဘောထားပြီးတော့ အခု ကိုယ်စားလှယ်တော်ကြီးစိတ်ပူသလိုပဲ ကျွန်တော်တို့ကလည်း တာဝန်ခံရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ စိတ်ပူလို့ ဒါပြောရင်းဖြစ်ပါတယ်။ အဲ့ဒီထဲမှာတောင်မှ ကျွန်တော်အခုဒါ မေလဆိုလို့ရှိရင် International Hydro Power Association ရဲ့ Meeting က ဘေဂျင်းမှာရှိပါတယ်။ ကျွန်တော်တို့ သွားတဲ့အခါမှာ အဲ့ဒီပုဂ္ဂိုလ်တွေနဲ့ထပ်တွေ့ပြီးတော့ ဆွေးနွေးပွဲတစ်ခု ထပ်လုပ်ဦးမှာဖြစ်ပါတယ်။ ဒီကော်မရှင်တွေဖွဲ့ပြီးပြီးလား။ ဆွေးနွေးနေပါသလားဆိုတဲ့ဟာကတော့ ကျွန်တော်တို့ ဆွေးနွေးပြီးပါတယ်။ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူတွေသိအောင် ရှင်းလင်းတင်ပြပါဆိုတာ အခုကျွန်တော်တို့ အဓိကလုပ်နေတဲ့အလုပ်ကတော့ ဒီကျွမ်းကျင်မှုပိုင်းဆိုင်ရာတွေကတော့ ကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အများနဲ့ဆိုင်တဲ့ EIA၊ SITA အစသဖြင့် အဲ့ဒီအထဲမှာ ဒါတွေစိတ်ပူစရာတွေပါတဲ့

ဟာတွေကလည်းပဲ ကျွန်တော်တို့ EIA၊ SITA တွေထဲမှာ ဘယ်လိုစိတ်ပူစရာတွေကို ကျွန်တော်တို့ ဘယ်လိုဖြေရှင်းထားပါတယ်ဆိုတဲ့ ဟာတွေအားလုံးထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ဒေသတွေကို ရောက်တဲ့အခါမှာလည်းပဲ မီဒီယာတွေကို ဖိတ်ပါတယ်။ ကျွမ်းကျင်သူတွေလည်းဖိတ်ပါတယ်။ အဲဒီ ဒေသဆိုတာလည်း သေးသေးလေးမဟုတ်ပါဘူး။ ဒေသအကြီးကြီးတွေကိုဖိတ်ချင်းဖြစ်ပါတယ်။ အဲဒီမှာ လားရှိုးလိုမြို့မျိုး၊ ကွမ်းလုံလိုမြို့မျိုးတွေ ဖိတ်တာဖြစ်ပါတယ်။ တစ်ကယ်လို့ဒါလည်း ကျွန်တော်တို့ နောင်ဖကွမ်းလုံပဲ ကျွန်တော်ပြောသေးလို့ ဒီနေရာ တင်ပြောတာဖြစ်ပါတယ်။ တစ်ကယ်လို့များ အောက်ဖက်ကအလုပ်တွေ ဖြစ်လာပြီးဆိုရင်လည်းပဲ ဘားအံမှာလည်းပဲလုပ်မှာပါ။ မော်လမြိုင်မှာ လည်းသွားလုပ်မှာပါ။ ကျွန်တော်တို့လုပ်တဲ့အခါကျရင်လည်း ဖိတ်ကြားပြီးတော့ ရှင်းလင်းပြီးတော့မှ စိတ်မပူပင်ဖို့အတွက် Consultant တွေရော ခေါ်သွားပါမယ်။ အဲဒီကျလို့ရှိရင် ကျွန်တော်တို့ လည်းပဲ နားလည်တဲ့ကျွမ်းကျင်သူတွေလည်း ထည့်ပေးပါ့မယ်။ ဖိတ်လဲဖိတ်ပါ့မယ်။ ဒါကိုတော့ အာမခံပါတယ်။ နောက်တစ်ခုကတော့ ဆည်တစ်ခုချင်းစီမှာ စံသတ်မှတ်ချက်တွေရှိပြီးလားဆိုတာကို ဘယ်ဆည်ပဲ လုပ်လုပ် စံမရှိလို့မရပါဘူး။ ခုနက ကျွန်တော်တင်ပြသွားတဲ့ အကြိုစူးစမ်းလေ့လာမှုအပြင်ကိုပဲ၊ နောက်ထပ် အသေးစိတ်စူးစမ်းလေ့လာမှုဆိုတာ ထပ်လုပ်ရပါတယ်။ လုပ်ရင်းနဲ့တောင်မှ ပြုပြင် ပြောင်းလဲဖို့လိုအပ်တဲ့ဟာတွေဆိုလို့ရှိရင် ကာလဒေသအခြေအနေကိုကြည့်ပြီးတော့ ပြုပြင်ပြောင်းလဲ ပြီးတော့မှ စံသတ်မှတ်ရတာတွေရှိပါတယ်။ အဲဒီတော့စံအနေနဲ့ကတော့ ရှိပါတယ်။ ခုနက တင်ပြခဲ့တဲ့ ငလျင်ဒဏ်စံတို့၊ နောက်တစ်ခါ ကျွန်တော်တို့ ဘာကိုတည်ဆောက်လို့ရှိရင် ဘယ်နေရာမှာ ဘယ်လို ပစ္စည်းမျိုးတွေသုံးတဲ့ တမံမျိုးတို့ ဘယ်လိုခံနိုင်ရည်ရှိအောင်လုပ်ရမယ်လို့ ဒါတွေ စံသတ်မှတ်ပြီးသား တွေရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ငလျင်ဒဏ်ခံရလို့ရှိရင် အာမခံချက်ပေးနိုင်ပါ သလားဆိုတာ၊ ငလျင်ဒဏ်ခံရလို့ရှိရင် အာမခံချက်ဆိုတာ အဲ့ဒီအတွက်ကို Safety Factor တွေ ထည့်နေတာဖြစ်ပါတယ်။ ကျွန်တော်တင်ပြသွားတာက နှစ်တစ်သောင်းလောက်နေမှ တစ်ခါလောက် လှုပ်မယ့်ငလျင်မျိုးတောင်မှ ကျွန်တော်တို့က ထည့်စဉ်းစားတယ်ဆိုရင် နှစ်ပေါင်း လေး၊ ငါး၊ ခြောက်ရာ၊ တစ်ထောင်၊ နှစ်ထောင်ကိုတော့ ကျွန်တော်တို့က အလိုလိုထည့်သွင်း စဉ်းစားပြီးသားဖြစ်ပါတယ်။ အဲဒီထဲမှာမှ အာမခံချက်ဆိုတာကတော့ Safety Factor ပေါ်မှာပဲ မူတည်ပါတယ်။ Safety Fester ကို ကျွန်တော်တို့ ပိုထည့်တယ်ဆိုလို့ရှိရင် အာမခံချက်ကို ပိုပေးနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခု ကတော့ ကျွန်တော်တို့ တရုတ်ရဲ့ကအချက်အလက်တွေရပါသလား။ တရုတ်နဲ့ပူးပေါင်း ဆောင်ရွက်မယ် ဆိုတာ ခုနကတော့ ကျွန်တော်တို့ ကော်မရှင်ထူထောင်လိုက်တဲ့အတွက်ကြောင့်မို့လို့ တရုတ်ဖက်

အချက်အလက်က ရပါတယ်။ ယူပြီးတော့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုကတော့ ဘယ်လို တာဝန်ယူပါသလဲလို့ မေးတာ။ ဒါကတော့ ကျွန်တော်တို့ကတော့ Joint Venture ဖြစ်ပါတယ်။ ဒီစီမံကိန်းလုပ်တယ်ဆိုတာကလည်း နိုင်ငံတော်ကလည်း ကျွန်တော်တို့က ရေမြေပါဝင်ပတ်သက်ပြီး တော့ ဒါကျွန်တော်တို့ရဲ့ Board of Director ထဲမှာလည်း ကျွန်တော်တို့ ပါပါတယ်။ ရှယ်ယာလည်း ကျွန်တော်တို့နိုင်ငံအတွက် ရပါတယ်။ အဲဒီတော့ နိုင်ငံက တာဝန်ရှိတဲ့စီမံကိန်းတစ်ခုလည်း ဖြစ်ပါ တယ်။ သူတို့ချည်းပဲ တာဝန်ရှိပြီးတော့ သူတို့ချည်းပဲ လွှဲထားတာမဟုတ်ပါဘူး။ Operation လုပ်နေတဲ့ အချိန်မှာတောင်မှ သူတို့နဲ့ ကျွန်တော်တို့နဲ့ Joint Operate လုပ်တာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ Control Center တွေ ထူထောင်တဲ့အခါမှာလည်း သူတို့နဲ့ ကျွန်တော်တို့နဲ့ Joint Control Center ထူထောင်တာ ဖြစ်ပါတယ်။ ဘာပဲလုပ်လုပ် ကျွန်တော်တို့က Joint နဲ့လုပ်တာဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်တို့က ပုံအပ်ထားတာမဟုတ်ပါဘူး။ အဲဒီမှာ ကျွန်တော်တို့က Consultant တွေကိုလည်း ဘေးကနေရန် ထားတာ၊ သူတို့ Consultant ကသူတို့ဘက်ကအခြမ်းကရှိသလို၊ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ Consultant တွေအများကြီးကလည်း ကျွန်တော်တို့ဘက်ခြမ်းကနေပြီးတော့ International အတွေ့ အကြုံတွေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက် Cascade တွေ ပြောတဲ့အခါမှာ ကျွန်တော်က စောစောတုန်းကတင်ပြ သွားတဲ့ ဧရာဝတီမြစ်ဝှမ်း ဒင်ညှုမြစ်ကို ပြောသွားတာ ၁၀ ခုလောက်ပဲ ပြောသွားတာပါ။ အဲဒီ ဒင်ညှုမြစ် ပေါ်မှာ ၂၆ ခုလောက်ရှိပါတယ်။ အဲဒီတော့ ဆိုလိုတဲ့သဘောကတော့ နမူနာလောက်ပဲ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီနမူနာပေါ်မှာ မူတည်ပြီးတော့မှ ဒီလိုနိုင်ငံတွေက အတွေ့အကြုံရှိတဲ့ ပညာရှင်တွေနဲ့လည်း ကျွန်တော်တို့ ဆက်ဆံဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြေငလျင် ကော်မတီနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ စသဖြင့် ပုဂ္ဂိုလ်တွေက၊ နောက် ICOLD MNCOLD ဒါတွေကလည်းပဲ မြန်မာနိုင်ငံရဲ့ ကျွန်တော်တို့က ပုံမှန်ညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ထူးခြားရင်ထူးခြားသလို ကျွန်တော်တို့က တင်ပြသွားမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ ကျွန်တော် နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတဲ့နေရာမှာ တစ်ခုပြောဖို့ကျန်တယ်လို့ထင်ပါတယ်။ ဒါဘာလဲ ဆိုရင် ထွက်လာတဲ့လျှပ်စစ်တွေကို ဘယ်လိုသုံးမှာလဲ။ ပြည်တွင်းမှာဘယ်လိုသုံးမှာလဲ။ အဲဒါလည်း ရှင်းအောင်ထပ်ပြီးတော့ ရှင်းပြပေးပါ။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ အဲဒါ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်တော် ဒီအစည်းအဝေးခန်းမကြီးတွေထဲမှာ လာပြီးတော့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ကျွန်တော် Circle လေးတွေနဲ့၊ Histogram လေးတွေ နဲ့ အကြိမ်ကြိမ် ဆွေးနွေးတင်ပြဖူးပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်က ၂၀၃၀ ခုနှစ်မှာ မဂ္ဂါဝပ် ၂၃၈၅၀ လိုအပ်မှာဖြစ်ပါတယ်။ ဒါမြန်မာနိုင်ငံရဲ့ ၂၀၃၀ ခုနှစ်မှာဖြစ်လာမယ့် ဓာတ်အားဖြစ်ပါတယ်။ အခု ကျွန်တော်တို့ သံလွင်မြစ်ပေါ်ကရတဲ့ စီမံကိန်းဆိုတာ ၁၄၉၀၀ ပတ်ဝန်းကျင်ရှိပါတယ်။ ၁၄၉၆၀ ရှိပါတယ်။ ဒါအားလုံး လုပ်ဖြစ်မှဖြစ်ပါတယ်။ ဒါလည်း လုပ်ဖြစ်မှဆိုတဲ့ စကားက သိပ်အရေးကြီး တဲ့စကားဖြစ်ပါတယ်။ ကျွန်တော်တို့က မဂ္ဂါဝပ်တွေ အများကြီးဖြစ်သော်ငြား လည်းပဲ သူတို့ရဲ့ Proposal သာဖြစ်ပါတယ်။ ခုနက ကျွန်တော်တင်ပြသွားတဲ့အထဲမှာ အထက်သံလွင်၊ မိုင်းတုံကနေအောက်ကို ဟပ်ကြီးတို့၊ ရွာသစ်တို့ဆိုတာတွေကလည်း အောက်ပိုင်းကဟာ တွေကလည်း ပဲ သူတို့ခုမှ ကျွန်တော်တို့ စီရင်ခံစာရေးဖို့လုပ်နေတဲ့အဆင့်ပဲ ရှိပါတယ်။ အဲဒီအစီရင်ခံစာကိုလည်း စစ်ဖို့ပဲ၊ လုပ်ဖို့ပဲ ကျွန်တော်တို့ လိုပါသေးတယ်။ အဲဒီတော့ ဒီအောက်က မဂ္ဂါဝပ်တွေအကုန်လုံး ပေါင်းမှ ၁၄၉၆၀ ဆိုတော့ အခုကျွန်တော်တင်ပြသွားတဲ့ အပေါ်က နှစ်ခုဆိုလို့ရှိရင် အထက်သံလျင်၊ ကွမ်းလုံ နဲ့နောင်ဖား သံလွင်မြစ်ပေါ်ကဆိုရင် ၂၆၀၀ ပဲရှိပါတယ်။ အဲဒီတော့ တစ်နိုင်ငံလုံးဓာတ်အား လိုအပ်ချက်က ၂၃၀၀၀ လောက်ထိအောင် ဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က ဘာဖြစ်လို့ ဒီလိုလုပ်ရသလဲဆိုရင် ရေအားလျှပ်စစ်က တခြားဟာနဲ့မတူပါဘူး။ ဘယ်လိုမတူလဲဆိုတော့ ရေအား လျှပ်စစ်က နွေရာသီမှာ ရေနည်းသွားတယ်။ မိုးတွင်းကျတော့ ရေပြည့်တယ်။ အဲဒီတော့ ကျောက်မီးသွေးတို့၊ Gas Turbine တို့လည်းသလို ကျွန်တော်တို့က စက်ရဲ့ Efficiency ကို ၈၀၊ ၉၀ ရာခိုင်နှုန်းလောက် တောက်လျှောက် ၂၄ နာရီ ထိုင်ထားလို့မရပါဘူး။ သူသည် တမံရဲ့ရေရှိတာနဲ့ အခြေအနေကြည့်ပြီးတော့မှ ဝင်လိုက်၊ ထွက်လိုက်နဲ့ ဝင်လွယ်၊ ထွက်လွယ်လုပ်ရတဲ့ စက်ရုံအမျိုး အစားဖြစ်ပါတယ်။ ညနေ ၅ နာရီမှာ မီးတွေတအားသုံးလာပြီးတို့တဲ့အချိန်မှာ အဲဒီစက်ရုံတွေကို နိုးသွင်းလိုက်ပါတယ်။ နိုးသွင်းတဲ့အခါမှာ တစ်ညလုံး ည ၉ နာရီ၊ ၁၀ နာရီထိအောင် ထောင်တက်နေတဲ့ ဓာတ်အားလိုအပ်ချက်ကို အဲဒီကောင်တွေနဲ့ ထိန်းရတာဖြစ်ပါတယ်။ ပြီးလို့ရှိရင် ပြန်ဆင်းသွားတဲ့ အခါကျရင် နာရီပြန်တစ်ချက် မနက်လင်းအားကြီးအောင် ပြန်ဆင်းသွားတဲ့ အားလုံးကိုကျတော့ အဲဒီ စက်တွေက ပြန်ထွက်သွားတာဖြစ်ပါတယ်။ ထွက်သွားပြီးလို့ရှိရင် ဘယ်သူတွေကျန်ရစ်ခဲ့ လဲမေးလို့ရှိ ရင် ခုနတုန်းက ကျောက်မီးသွေးလိုဟာမျိုး၊ နောက်တစ်ခုက Gas Turbine လိုဟာမျိုးတွေက ကျန်ရစ်

ခဲ့တာဖြစ်ပါတယ်။ အဲဒီဟာတွေက ကျွန်တော်တို့က အခုဝင်၊ အခုထွက်လုပ်လို့မရပါဘူး။ စက်ကို အခုမောင်းလိုက်၊ အခုနှိုးလိုက်၊ အခုပြန်ရပ်လိုက် နာရီပိုင်းလုပ်လိုက် ဒီလိုရတဲ့အမျိုးမဟုတ်တဲ့အတွက် ကြောင့်မိုလို့ ကျွန်တော်တို့က ပုံသေမောင်းထားပြီးတော့မှ အဝင်/အထွက်တွေအားလုံးကို ဘာနဲ့လုပ်ရ သလဲဆိုတော့ ရေအားလျှပ်စစ်နဲ့လုပ်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရေအားလျှပ်စစ်က တပ်ဆင် စက်အင်အား နည်းနည်းကြီးချင်ကြီးနေပါလိမ့်မယ်။ ဒါပေမယ့် သူ့ကိုဝင်တဲ့၊ ထွက်တဲ့လုပ်ငန်းလုပ်ရတဲ့ လုပ်ငန်းသဘာဝကိုယ်၌ကိုက အမိကဓာတ်အားလိုအပ်တဲ့အချိန်မှာ ဖြည့်ဆည်းနိုင်ဖို့အတွက် သူက ဦးစားပေးပြီးတော့ မောင်းနှင်ပေးရတဲ့အတွက်ကြောင့်မို့လို့ သူ့တပ်ဆင်စက်အင်အားတွေထက်ကြီး တာ၊ သေးတာထက် ဘယ်အချိန်မှာ သူကဝင်နိုင်ဖို့လိုသလဲဆိုတဲ့ မဂ္ဂါဝပ် Install Capacity ကို ကျွန်တော်တို့က အမိကထားရတာဖြစ်ပါတယ်။ မတူတဲ့ဟာလေးတွေရှိပါတယ်။ အဲဒီတော့ နိဂုံးချုပ် ရင်တော့ ၂၃၈၅၀ လောက်လိုအပ်တဲ့ ဓာတ်အားကို ကျွန်တော်တို့ အခု အပေါ်က နှစ်ခုလုပ်လို့မှ ၂၆၀၀ ပဲ ရှိဦးမှာ ဖြစ်ပါတယ်။ အောက်ကဟာတွေလည်း ဆက်လက်ပြီးတော့ စိစစ်သွားမှာဖြစ်ပါတယ်။ စိစစ် တယ်ဆိုရင်လည်းပဲ စီမံကိန်းတစ်ခုပြုလုပ်တာကလည်းပဲ ရှစ်နှစ်ကနေပြီးတော့ ၁၀ နှစ်လောက်ထိကြာ တဲ့သဘော ရှိပါတယ်။ အနည်းဆုံးကတော့ ခြောက်နှစ်ကြာပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အခုလောက်ကတည်းက Plan လေးတွေနဲ့ ဖြည်းဖြည်းချင်း လုပ်မသွားဘူးဆိုရင် ၂၀၅၀ ဘယ်လိုလုပ်မလဲ။ ၂၀၆၀ ဘယ်လိုလုပ်မလဲဆိုတဲ့ဟာတွေ ကျွန်တော်တို့ မေးခွန်းတွေ လာမှာဖြစ်ပါ တယ်။ အဲလိုလာတဲ့အခါကျလို့ရှိရင် မင်းတို့ Plan လုပ်မထားဘူး လားလို့ပြောတဲ့အခါမှာ ဒါကျွန်တော် တို့ Plan လုပ်ထားတာဖြစ်ပါတယ်။ ဒါနောက်ထပ်တက်လာမယ့် တာဝန်ရှိသူအသီးသီးအတွက် ကျွန်တော်တို့က ဒါဟာ Plan လုပ်ပေးနေတယ်လို့ပဲ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က နယ်စပ်ကုန်သွယ်ရေး (Border Trade) လုပ်ငန်းတွင် မြန်မာ့ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ကို မြန်မာနိုင်ငံသားများ၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ သူရဦးအောင်ကိုအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တင် မှာကတော့ နယ်စပ်ကုန်သွယ်ရေး Border Trade လုပ်ငန်းများမှာ မြန်မာ့ထွက်ကုန်ပစ္စည်းများရဲ့ ဈေးကွက်ကို မြန်မာနိုင်ငံသားများရဲ့ စီမံခန့်ခွဲမှုအောက်မှာထားရှိနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရန် အဆိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုတွေကို ပြုလုပ်ခဲ့သောကြောင့်မို့လို့ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်း နိုင်ငံများနှင့်နယ်စပ်ကုန်သွယ်ရေး(Border Trade)ကို အဓိကထားလုပ်ဆောင်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပြောင်းလဲတည်ထောင်ချိန်မှစပြီးတော့မှ နိုင်ငံတကာအထူးသဖြင့် အနောက်အုပ်စုနိုင်ငံများကနေပြီးမှ နိုင်ငံရေး၊ စီးပွားရေးပိတ်ဆို့ထားမှုတွေကို ပြန်လည်ဖွင့်လှစ် ဖြေလျှော့ပေးခဲ့လို့မို့လို့ ဒီမိုကရေစီအစိုးရသစ်နဲ့ ကျယ်ပြန့်တဲ့ဆက်ဆံရေးလည်း ပြုလုပ်လာခဲ့တာ တွေ့ရပါတယ်။ အဲဒီအချိန်ကစပြီးတော့မှ ဒီမိုကရေစီနိုင်ငံသစ်နဲ့အတူ ဈေးကွက်စီးပွားရေးစနစ်လည်း ပိုမိုပီပြင်လာပြီးတော့မှ ပုံမှန်ကုန်သွယ်ရေး(Normal Trade)ပါ ဖွံ့ဖြိုးတိုးတက်လာခဲ့တာကို တွေ့ရပါ တယ်။ အလားတူ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများဟာလည်းပဲ ပိုမိုကျယ်ပြန့်အားကောင်းလာ ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အိမ်နီးချင်းငါးနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယ နိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ နှစ်စဉ်တိုးတက်လျက်ရှိတဲ့နေရာမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကုန်သွယ်ရေးသည် ပမာဏအကြီးမားဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။ ယခင်နှစ် ကာလတူ ကုန်သွယ်မှုပမာဏဟာ ဒေါ်လာသန်းပေါင်း ၃၀၀၀ ကျော်ဖြစ်သောကြောင့် ခုနက ဒေါ်လာ သန်း ၁၂၀၀ ကျော် ပိုမိုလာကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်း များဖြစ်တဲ့ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့်ကန်ပိုက်တီးနယ်စပ်စခန်းများ ဖွင့်လှစ်ထားကြောင်း

လည်းသိရှိရပါတယ်။ နယ်စပ်ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံးကတော့ မြန်မာ-ထိုင်းနယ်စပ်ဖြစ်ပါတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအခြေအနေကတော့ ပုံမှန်အနေအထားသာဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အဆိုရှင်ဖြစ်တဲ့ မိမိအနေနဲ့ ၁၉၉၅ ခုနှစ်ကနေပြီးမှ ၁၉၉၇ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီအခါမှာ တမူးမြို့ နယ်စပ်ကုန်သွယ်ရေးအခြေအနေကို လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကုန်သွယ်ရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတည်ဆောက်ဖို့အတွက်ကို မြေကြီးလုပ်ငန်းပြုပြင်ဆောင်ရွက်ခဲ့တဲ့အခြေအနေမှာသာ ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာကုန်သည်များအနေနဲ့ ဆန်၊ ပဲအမျိုးမျိုး၊ ကွမ်းသီးအပါအဝင် ကုန်ပစ္စည်းမျိုးစုံကို နယ်စပ်ကိုဖြတ်ကျော်သယ်ဆောင်ပြီးတော့မှ အိန္ဒိယနိုင်ငံ မိုးရေးမြို့ဈေးကွက်ကို သွားရောက်ရောင်းချနေရတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ အိန္ဒိယကုန်သည်များထံကို အပ်ကုန်စနစ်နဲ့ အကြွေးရောင်းချခြင်းဖြစ်ပြီးတော့မှ နောက်တစ်ကြိမ် ကုန်ပစ္စည်းအသစ်သွားရောက်ပေးအပ်အချိန်မှာ ကြွေးဟောင်းပြန်ရသည့်စနစ်မျိုးဖြစ်ပါတယ်။ အဲဒီအခါမှာ အပ်ကုန်များအပေါ်မှာ ဈေးခုန္ဒိမ်ပြီးတော့မှ တန်ရာတန်ဖိုးအပြည့်အဝမရခြင်း၊ အချို့အိန္ဒိယကုန်သည်များမှ လိမ်လည်တိမ်ရှောင်သွားမှုကြောင့်မို့လို့ လုံးဝဆုံးရှုံးခြင်းများမကြာခဏကြုံတွေ့နေရတာကိုလည်း မြေပြင်တွေ့ရှိပါတယ်။ အဲဒီအခြေအနေများကြောင့်မို့လို့ မိမိအနေနဲ့ နယ်စပ်စည်းရိုးအနီး မြန်မာဘက် တမူးမြို့ နမ့်ဖာလုံရပ်ကွက်မှာ ကုန်လှောင်ရုံအချို့ပါဝင်တဲ့ ဈေးတည်ဆောက်ကာ မြန်မာကုန်သည်များရဲ့ ပစ္စည်းများထားရှိရောင်းချသည့်စနစ်ကို ၁၉၉၇ ခုနှစ် မတ်လမှာ စတင်ဖော်ဆောင်ခဲ့ပါတယ်။ မြန်မာကုန်ပစ္စည်းများသည် မြန်မာဈေးကွက်မှာ ထားရှိနိုင်ခြင်းဖြင့် ကုန်သည်များရဲ့အကျိုးစီးပွားကာကွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ နမ့်ဖာလုံဈေးဆိုင်ခန်းများ တည်ဆောက်ပြီး ရက်ပိုင်းအတွင်းမှာပင် မသမာသူများ၏လက်ချက်ဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရာ ဝေဖန်ပြစ်တင်မှုများ ပြင်းထန်စွာခံခဲ့ရပါတယ်။

သို့သော်လည်းပဲ မလျှော့ပဲနဲ့ ဒုတိယအကြိမ် ဈေးပြန်ဆောက်ပြီးတော့မှ လုံခြုံမှုအပြည့်အဝ စီမံပေးခဲ့တဲ့အခါမှာ ဒီကနေ့အထိ အောင်မြင်နေတာကို တွေ့ရပါတယ်။ အလားတူ တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာလည်းပဲ မြန်မာကုန်သည်များ ဆုံးရှုံးနစ်နာမှုများကြုံတွေ့နေရကြောင်း နေ့စဉ်သတင်းများမှာ ကြားသိနိုင်ပါတယ်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်၊ ကော့သောင်းဒေသမှာ FOB စခန်းများ ဖွင့်ပြီးတော့မှ ပင်လယ်အတွက် ငါး၊ ပုစွန် ကုန်ပစ္စည်းများဈေးကွက်ကို လွှန်ခဲ့တဲ့ ကာလကြာမြင့်စွာကပင် မိမိတို့

လက်ဝယ်မှာ ထားရှိနိုင်အောင် ကြိုးပမ်းခဲ့သော်လည်း အမျိုးမျိုးသော လိုအပ်ချက်များ၊ မပြည့်စုံမှုများ၊ အားနည်းချက်များကြောင့် ဒီကနေ့အထိ မအောင်မြင်သေးတာကို ကျွန်တော်တို့ ဒါတွေ့ရှိရမှာဖြစ်ပါတယ်။ ရေထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအဆင့်မျိုးကိုသာ ထိုင်းနိုင်ငံ ရနောင်းဈေးကွက်သို့ အကျိုးအမြတ်နည်းနည်းနဲ့ရောင်းချနေရပါတယ်။ ရနောင်းဈေးကွက်မှာ မြန်မာ့ရေထွက်ကုန်ကြမ်းများကို စနစ်တကျပြုပြင်ထုပ်ပိုးကာ ကုန်ချောအဖြစ်နဲ့ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်တာကြောင့်မို့လို့ အကျိုးအမြတ်များစွာ ထိုင်းနိုင်ငံဘက်က ပိုမိုရရှိနေတာလည်းပဲ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာ့ပင်လယ်ပြင်မှာ ငါး၊ ပုစွန် ရေသယံဇာတရှားပါးနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထိုင်းနိုင်ငံရေလုပ်ငန်းကုမ္ပဏီများကို ငါးဖမ်းခွင့်(Fishing Right)ရပ်ဆိုင်းထားကြောင်း သိရှိရပါတယ်။ သို့သော်လည်းပဲ တူနာငါးဖမ်းခွင့်ကို အကန့်အသတ်ဖြင့် ဆက်လက်ခွင့်ပြုထားသောကြောင့် တရားမဝင် ငါး၊ ပုစွန်ဖမ်းဆီးမှုများလည်းပဲ ရောင်ပြန်လှဲ့ပြန်လွှင့်လုပ်ဆောင်နေကြောင်း မြေပြင်သတင်းများရရှိပါတယ်။ ထိုင်းနိုင်ငံသည် ကမ္ဘာပေါ်မှာ တတိယအများဆုံး ပင်လယ်စာတင်ပို့တဲ့နိုင်ငံဖြစ်ပါတယ်။ နှစ်စဉ် ဒေါ်လာသန်း ၇၀၀၀ ကျော်ဖိုး တင်ပို့ရောင်းချနေကြောင်းလည်းပဲ ကမ္ဘာ့သတင်းများအရ သိရပါတယ်။ အဲဒီလို အကျိုးအမြတ်များစွာရရှိနေခြင်းသည် တရားမဝင် ငါးဖမ်းလုပ်ငန်းများအပြင် မြန်မာအများစုပါဝင်တဲ့ လူမှောင်ခိုရွှေ့ပြောင်းအလုပ်သမားများကို ကျေးကျွန်သဖွယ်ခိုင်းစေအသုံးချနိုင်မှုကြောင့်ဖြစ်ကြောင်း အာရှလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့များနှင့် သတင်းမီဒီယာများရဲ့ ထုတ်ပြန်ချက်များအရ သိရှိရပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ အောက်ဖော်ပြပါလိုအပ်ချက်များ စီမံဆောင်ရွက်ပေးနိုင်ရန် လိုအပ်နိုင်ကြောင်း သုံးသပ်ရပါတယ်။ ၎င်းတို့ကတော့ (၁) နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ ဈေးဆိုင်နှင့် ကုန်လှောင်ရုံများကို ကုန်ပစ္စည်းအမျိုးအစားလိုက် ထားရှိနိုင်အောင် ဆောက်လုပ်ပေးရန်၊ (၂) လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိအောင် စီမံပံ့ပိုးပေးရန်၊ (၃) သား၊ ငါး၊ ပုစွန်နှင့် သီးနှံများ တာရှည်ထိန်းသိမ်းထားနိုင်အောင် အအေးခန်းများ တည်ဆောက်ပေးရန်၊ (၄) ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းများကို တစ်ဖက်နိုင်ငံ ကုန်သွယ်ရေးအဖွဲ့အစည်းများနဲ့ထိန်းညှိပေးရန်၊ (၅) လုံခြုံမှုအပြည့်အဝရရှိအောင် စီမံဆောင်ရွက်ပေးအပ်နိုင်ရန်နှင့် (၆) အခြားလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးနိုင်ရန်တို့ဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ မြန်မာ့ကုန်ပစ္စည်းဈေးကွက်ကို မြန်မာနိုင်ငံသားများရဲ့ လက်ဝယ်ထိန်းချုပ်ထားရှိနိုင်အောင် အခြေအနေ

ပေးသော နယ်စပ်ကုန်သွယ်ရေးစခန်းများကို ဦးစားပေးအဆင့်သတ်မှတ်လျက် အဆင့်ဆင့်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သူရဦးအောင်ကိုတင်သွင်းတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဆွေ(နမ့်ဆန်မဲဆန္ဒနယ်)။** ။ သူရဦးအောင်ကိုတင်သွင်းတဲ့အဆို ကျွန်တော်နမ့်ဆန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ထောက်ခံကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြမယ့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုကဏ္ဍမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမကဘဲနဲ့ နယ်စပ်ဒေသများမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံတွေနှင့် နယ်စပ်ကုန်သွယ်မှု(Border Trade)ကို ကျယ်ကျယ်ပြန့်ပြန့် ကုန်သွယ်ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ မြန်မာ-တရုတ်နယ်စပ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းလေးခု၊ မြန်မာ-ထိုင်းနယ်စပ်မှာ အသစ်ဖွင့်လှစ်တဲ့ ထီးခီး၊ မောတောင်စခန်းများအပါအဝင် နယ်စပ်ကုန်သွယ်ရေးစခန်းခြောက်ခု၊ မြန်မာ-အိန္ဒိယနယ်စပ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ကျိုင်းတုံရုံးခွဲ၊ မြစ်ကြီးနားရုံးခွဲတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို နယ်စပ်စခန်းတွေကို ကျွန်တော်တို့အနေနဲ့ အဆင့်သတ်မှတ်တဲ့နေရာမှာ လက်ရှိကုန်သွယ်မှုပမာဏပေါ်မူတည်ပြီးတော့ (က)၊ (ခ)၊ (ဂ) အဆင့်များ သတ်မှတ်ဆောင်ရွက်တဲ့ နေရာမှာ မူဆယ်(၁ဝ၅)ကုန်သွယ်ရေးဇုန်နဲ့ မြဝတီ

ကုန်သွယ်ရေးဇုန်တွေမှာ ပမာဏအများဆုံးဖြစ်ပြီးတော့ တာချီလိတ်နှင့် ချင်းရွှေဟော်၊ မြဝတီ-ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်းတွေကလည်း အစဉ်လိုက် ကုန်သွယ်မှုပမာဏတွေ တိုးတက်လာတာရှိတဲ့အတွက်ကြောင့်မို့လို့ ပထမဦးဆုံး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးစခန်းတွေကို ကုန်သွယ်ရေးဇုန်ဆိုပြီးတော့ ကျွန်တော်တို့ အဆင့်တိုးမြှင့်သတ်မှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ကုန်သွယ်မှုပမာဏအနေနဲ့ နှစ်အလိုက် တိုးတက်ဆောင်ရွက်နိုင်ခဲ့တဲ့နေရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅၈၈ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ မတ်လ ၁၆ ရက်နေ့အထိကို ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅.၉၀၈ ဘီလီယံအထိကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီးတော့ နိုင်ငံရဲ့စုစုပေါင်းကုန်သွယ်မှုပမာဏရဲ့ ၂၃ ရာခိုင်နှုန်းရှိတာကို လည်း တွေ့ရှိရပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းတွေအနေနဲ့ ကုန်သွယ်မှုပမာဏပေါ်မူတည်ပြီးတော့ ခုနကလို အဆင့်တွေ ကုန်သွယ်ရေးဇုန်အဖြစ်ကို တိုးတက်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့နှင့် ၇ မိုင်အကွာ မိုင်းယုရွာမှာ ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ကစပြီး ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ယခုအခါမှာ အဲဒီကုန်သွယ်ဇုန်ကနေပြီးတော့ နယ်စပ်ကုန်သွယ်မှုစုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်နိုင်ပြီးတော့ မြဝတီကုန်သွယ်ရေးဇုန်ကိုတော့ ၂၀၀၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ပြီးတော့ ကုန်သွယ်ရေးဇုန်အနေနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်ရေးဇုန်တွေ တည်ဆောက်တဲ့အခါမှာ အဓိကအားဖြင့် မိမိနိုင်ငံဘက်မှာ ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံရဲ့ ထွက်ကုန်ပစ္စည်းတွေကို ကြိုက်ဈေးဖြင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးကို စနစ်တကျ ကူးပြောင်းနိုင်ရေးနှင့် မိမိနိုင်ငံ ထွက်ကုန်ပစ္စည်းတွေကို တန်ဖိုးမြှင့်ပို့ကုန်အဖြစ် ပြောင်းလဲပြုပြင်၍ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိရေးဟူ၍ ရည်ရွယ်ချက်လေးချက်နဲ့ ဆောင်ရွက်နေခြင်းလည်းဖြစ်ပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှာ မိမိဈေးကွက်ဖြစ်ပေါ်ရေးအတွက် ကုန်သွယ်ရေးဇုန် စတင်တည်ဆောက်ကတည်းကပဲ ကုန်သွယ်ရေးဇုန်အင်္ဂါရပ်တွေနှင့်အညီ ပွဲရုံ၊ ဂိုဒေါင်တွေကို တည်ဆောက်ခွင့်ပြုပေးလျက်ရှိတဲ့အခါမှာ စုစုပေါင်းပွဲရုံမြေကွက် ၁၇၃ ကွက်၊ ဧရိယာ ၂၂၄.၉၉ ဧကကို ပွဲရုံဂိုဒေါင်တွေဆောက်လုပ်ဖို့ ခွင့်ပြုခဲ့ပြီးတော့ ၎င်းပွဲရုံတွေမှာ ကုန်စည်ဒိုင်တွေကို ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တည်ဆောက်ပြီးတဲ့ ပွဲရုံမြေကွက်တွေမှာ ရေထွက်ပစ္စည်းတွေတင်ပို့နိုင်ဖို့

အတွက်ကို တန် ၁၂၀၀ ဆံ့တဲ့ အအေးခန်းသိုလှောင်ရုံ တည်ဆောက်ထားပြီးတော့ ငါးရှဥ့်၊ ကဏန်းတွေကို နေ့စဉ်ဈေးကွက်ပေါက်ဈေးနဲ့ တင်ပို့ရောင်းချလျက်ရှိပြီးတော့ ငါးရှဥ့်ကုန်စည်ဒိုင်နှင့် ကဏန်းကုန်စည်ဒိုင်တွေကိုလည်း ထပ်မံဖွင့်လှစ်ပြီးတော့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပါတယ်။ သစ်သီးဝလံကုန်စည်ဒိုင် ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန် ကုန်စည်ဒိုင်တွေကို အဓိကပို့ကုန်ဖြစ်တဲ့ ဆန်စပါးကုန်စည်ဒိုင်တွေကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီးတော့ နေ့စဉ်တရုတ်နိုင်ငံမှ လာရောက်ဝယ်ယူပြီးတော့ ကုန်သွယ်ပြုလျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။

ဒါအပြင် ကုန်သွယ်ရေးဇုန်မှ မိမိဈေးကွက်ဖြစ်ပေါ်ရေးအတွက် ကုန်စည်ဒိုင်တွေအပြင် တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ လုပ်ငန်းရှင်တွေကနေပြီးတော့ ပဲသန့်စင်အရောင်တင်စက်နဲ့ သစ်သီးအိတ်စွပ်စက်ရုံတွေကိုလည်း တည်ထောင်လုပ်ကိုင်လျက်ရှိပါတယ်။ မူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်မှာ ကုန်စည်ဒိုင်တွေ ကုန်သိုလှောင်ရုံတွေ၊ ပွဲရုံတွေ၊ အအေးခန်းစက်ရုံတွေ တည်ဆောက်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထုတ်ကုန်ပစ္စည်းတွေအတွက် အဓိကကျတဲ့ လျှပ်စစ်စွမ်းအားကို ယခင်က တစ်ဖက်နိုင်ငံမှ ဝယ်ယူခဲ့ရသော်လည်း ယခုအခါ မိမိနိုင်ငံမှထွက်ရှိတဲ့ လျှပ်စစ်ဓာတ်အားကိုအသုံးချပြီးတော့ အပြည့်အဝသုံးစွဲထုတ်လုပ်နေပြီဖြစ်ပါတယ်။ ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းတွေနဲ့ပတ်သက်ပြီးတော့ ဆက်သွယ်ရေးစနစ်တွေ တိုးတက်ကောင်းမွန်လာတာနှင့်အညီ မိမိပို့ကုန်ပစ္စည်းများရဲ့ တစ်ဖက်နိုင်ငံဈေးကွက်တွေကို အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပြီးတော့ ဈေးကွက်ပေါက်ဈေးအလိုက် ပြောင်းလဲရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

အလားတူ မြဝတီကုန်သွယ်ရေးဇုန်မှာလည်း မိမိဘက်မှာ ဈေးကွက်ဖြစ်ပေါ်ပြီးတော့ မြန်မာနိုင်ငံတော်ရဲ့ စီမံခန့်ခွဲမှုအောက်မှာ ထားရှိနိုင်ဖို့ ပွဲရုံ၊ ဆိုင်ခန်း ၂၂၆ ခန်းတည်ဆောက်ပြီးတော့ လျာထားခဲ့မှုအပေါ်မှာ ၁၂၅ ခန်းဆောက်ပြီးဖြစ်ပါတယ်။ သိုလှောင်ရုံဆောက်လုပ်ဖို့အတွက် မြေကွက် ၁၁၃ ကွက်ဖော်ထုတ်ဖို့ လျာထားမှုအနက် မြေကွက် ၉၅ ကွက် ဖော်ထုတ်ခဲ့ပြီးတော့ ကျန်မြေကွက်တွေကိုလည်း ဆက်လက်ဖော်ထုတ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အအေးခန်းစက်ရုံ၊ သစ်သီးကုန်စည်ဒိုင်၊ ကုန်စည်ပြပွဲကျင်းပရေးအဆောက်အအုံတွေကိုဆောက်လုပ်ဖို့ ဆက်လက်ကျန်ရှိနေသေးတဲ့အတွက်ကြောင့်မို့လို့ ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာဌာနများနှင့် ကုမ္ပဏီများပေါင်းစပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မိမိဈေးကွက်ရရှိပြီးတဲ့

တရုတ်စျေးကွက်ကို မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနယ်စပ်စခန်းတွေကနေ တင်ပို့တဲ့အခါမှာ အဓိကတင်ပို့တဲ့ကုန်ပစ္စည်းဖြစ်တဲ့ ဆန်၊ ပြောင်းတွေကိုလည်း ကျွန်တော်တို့ ပိုမိုပြီးတော့ ပုံမှန်ကုန်သွယ်ရေးအနေနဲ့ တင်ပို့နိုင်အောင်အတွက် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းရေးကော်မတီတွေဖွဲ့စည်းပြီးတော့ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့တွေနဲ့ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် အဆိုရှင်တင်ပြထားခဲ့သလို ကျွန်တော်တို့ မြိတ်-ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာတော့ ဒေသအခြေအနေအရ သော်လည်းကောင်း၊ အခြေခံ Infracture လိုအပ်ချက်များအရသော်လည်းကောင်း အထက်ပါ ကျွန်တော်တို့ မူဆယ်နှင့်မြဝတီစျေးကွက်ကဲ့သို့ ကုန်သိုလှောင်ရုံများမရှိနိုင်သေးခြင်း၊ အအေးခန်းစက်ရုံများ တည်ဆောက်မှုမရှိနိုင်ခြင်းများကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စတွေကိုဆက်လက်ဆောင်ရွက်သွားဖို့ကို စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အခြားသက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ကုန်သွယ်အသင်းအဖွဲ့များနှင့်ပူးပေါင်းပြီးတော့ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှတင်ပြတဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ အဆိုမှာပါရှိတဲ့အတိုင်းပဲ မိမိနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုန်သွယ်လုပ်ငန်းရှင်များအပါအဝင် တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ Supply Chain တစ်လျှောက်လုံးမှာ ရေရှည်အကျိုးစီးပွားကို ရည်ရွယ်ထားခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ သင့်မြတ်တဲ့အဆိုဖြစ်ကြောင်းကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် သူရဦးအောင်ကိုက သဘောထားပြောပါ။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ ကျွန်တော်တို့ အဆိုနှင့်ပတ်သက်ပြီးတော့မှ ဒုတိယဝန်ကြီးကလည်းပဲ ဒါလျော်ကန်သင့်မြတ်လို့မို့လို့ သဘောတူထောက်ခံခဲ့ပါတယ်။ အဆိုမှာလည်းပဲ ကျွန်တော်တို့ အအေးခန်းများ၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိဖို့ကိစ္စများ၊ ကုန်လှောင်ရုံများပါဝင်တဲ့အခါကျတော့ လုပ်ငန်းပမာဏကြီးမားပါတယ်။ ဒါကြောင့်မို့လို့ အဆိုမှာအခြေအနေပေးတဲ့ နယ်စပ်ကုန်သွယ်ရေးဇုန်တွေ၊ စခန်းတွေကို ဦးစားပေးအဆင့်သတ်မှတ် ပေးပြီးတော့မှ အဆင့်ဆင့်စီမံဆောင်ရွက်ပေးပါရန်လို့ ကျွန်တော်က သုံးနှုန်းတင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကိုတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး၊ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ဒီအဆိုကလည်း လျော်ကန်သင့်မြတ်တဲ့အဆိုဖြစ်တဲ့ အကြောင်း တင်ပြသွားခဲ့ပါတယ်။ သူရဦးအောင်ကိုကလည်း တင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနက အတည်ပြုရန်လိုအပ်ကြောင်း ပြောတဲ့သဘောဖြစ်ကြောင်းတင်ပြတဲ့အတွက် လွှတ်တော် ကိုကျွန်တော်တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကိုတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်း ရယူ သွားမှာဖြစ်ပါတယ်။ သူရဦးအောင်ကို တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကန့်ကွက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုတင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို ၂၅-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၉-၂-၂၀၁၅ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၄-၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လိုက်နာကျင့်သုံးလျက်ရှိသော (The Inland Steam Vessels Act,1917) ပါ ပြဋ္ဌာန်းချက်များမှာ လက်ရှိအခြေအနေနှင့် ညီညွတ်မှုမရှိသည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၁.၃.၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် အခန်း (၁၀) ခန်းနှင့် အပိုဒ်ပေါင်း ၆၅ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၃၈) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (က) အဖြစ် နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည် ဟု အသစ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ဆိုသည်မှာ ရေယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဤဥပဒေနှင့်အညီ လိုအပ်သည့်တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေး အတည်ပြုထားသည့် အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) သည် အပိုဒ် ၂ အပိုဒ်ခွဲ (က) တွင် ပါဝင်ပြီးဖြစ်သဖြင့် ပယ်ဖျက်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) ကို ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေး ဝန်ကြီးဌာနကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဆ) အခန်း (၂)၊ အပိုဒ် ၄ ရှိ စစ်ဆေးခြင်းဆိုင်ရာများဆိုသည့်စကားရပ်ကို စစ်ဆေးခြင်းနှင့်ဟုလည်းကောင်း၊ သတ်မှတ်နိုင်သည်ဆိုသည့် စကားရပ်ကို သတ်မှတ်ရမည်ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၁၅ ရှိ လက်မှတ်၏မူရင်းခွဲကို ဆိုသည့်စကားရပ်အား လက်မှတ်၏ မူရင်းခွဲမိတ္တူကိုဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၁၆ အပိုဒ်ခွဲ (ခ) ရှိ ရေယာဉ်မှာ ဆိုသည့်စကားရပ်ကို ရေယာဉ်သည် ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၁၆ အပိုဒ်ခွဲ (ဂ) ကို ခရီးသည်နှင့် ကုန်စည်များကို ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်းမြုပ်သည်အထိ တင်ဆောင်သောရေယာဉ်၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို အနည်းဆုံး ၃ လမှ ၆ လ အထိ ရပ်ဆိုင်းခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဋ) အခန်း (၄) ၊ အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာကောင်စီမှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရှိ/မရှိ စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ လိုင်စင်များ ထုတ်ပေးခြင်း၊

( ခ) လိုအပ်သော အခကြေးငွေများနှင့် သက်ဆိုင်သော ကိစ္စရပ်များ သတ်မှတ်ခြင်း ၊

( ဂ) ရေယာဉ် တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း။

(ဌ) အခန်း (၅) ၊ အပိုဒ် ၂၇ အပိုဒ်ခွဲ (ခ) ကို မူလအဆိုပြုချက်အတိုင်း ထားရှိပါသည်။

(ဍ) အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ထားသည့် အခန်း ၇ အပိုဒ် ၃၇ နှင့် အပိုဒ် ၃၉ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိပါသည်။

(ဎ) အခန်း (၁၀) ၊အပိုဒ် ၅၆ ကို အပိုဒ် ၅၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို The Inland Steam Vessels Act, 1917 အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၅၈ ကို အပိုဒ် ၆၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည် ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၅၉ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၆၁ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ၊ အမိန့် ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃

နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၇-၃-၂၀၁၅ ရက်(အင်္ဂါနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇) ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၁၅။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက် နေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]